# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်  ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၂ ရက်၊ သောကြာနေ့  အတွဲ (၅၉)၊ အမှတ် (၂၅၃)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## Covid လောက် ကျယ်ပြန့်တဲ့ ကိစ္စမရှိသလို Covid လောက် ကျဉ်းမြောင်းတာလည်း မရှိကြောင်း၊ လူအားလုံး၊ အရာအားလုံးနဲ့ဆိုင်သလို လူတစ်ယောက်ချင်းနဲ့လည်း ဆိုင်နေကြောင်း ရေးသားဖော်ပြ



နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid လောက် ကျယ်ပြန့်တဲ့ ကိစ္စမရှိသလို၊ Covid လောက် ကျဉ်းမြောင်းတာလည်း မရှိပါကြောင်း၊ လူအားလုံး၊ အရာအားလုံးနဲ့ဆိုင်သလို၊ လူတစ်ယောက်ချင်းနဲ့လည်း ဆိုင်နေပါကြောင်း ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Covid နဲ့ ပတ်သက်တဲ့ video ဆွေးနွေးပွဲတွေ စီစဉ်တဲ့အခါ ပထမဆုံးလုပ်ရတာကတော့ အကြောင်းအရာ ရွေးရပါကြောင်း၊ ဘယ်ကိစ္စတွေဟာ ရောဂါတားဆီးကာကွယ်ရေးအတွက် အရေးကြီးလဲ။ ဘာတွေကို ပြည်သူတွေ စိတ်ဝင်စား၊ သိချင်နေလဲ။ ပြည်သူတွေ ပူးပေါင်းပါဝင်လာဖို့ ဘာတွေအသိပေးဖို့လိုလဲ။ တစ်ခါတလေလည်း မိမိဘာပြောချင်တာများရှိလဲ ဆိုတာလဲ စဉ်းစားမိပါကြောင်း။

Covid လောက် ကျယ်ပြန့်တဲ့ ကိစ္စမရှိသလို၊ Covid လောက် ကျဉ်းမြောင်းတာလည်း မရှိပါကြောင်း၊ လူအားလုံး၊ အရာအားလုံးနဲ့ဆိုင်သလို၊ လူတစ်ယောက်ချင်းနဲ့လည်း ဆိုင်နေပါကြောင်း၊ ရောဂါကာကွယ်ရေးအတွက် သိကောင်းစရာတွေက များသလောက် ပြည်သူတွေ သိချင်တာတွေကလည်းများပြီး၊ မနူးမနပ်၊ မမှန်မကန် သတင်းတွေကလည်း ပျံ့နှံ့နေတာကြောင့် တတ်နိုင်သမျှ ဘက်စုံက ဆွေးနွေးနိုင်ဖို့ ကြိုးစားပါကြောင်း၊ ပြည်သူတွေ ပူးပေါင်းပါဝင်တယ်ဆိုတာ နားလည်သဘောပေါက်ခြင်းအပေါ် အခြေခံမှသာ အာနိသင်ပြည့်ဝမှာ ဖြစ်ပါကြောင်း။

မိမိပြောချင်တာတွေကို စဉ်းစားလိုက်ရင်တော့ အများကြီးဖြစ်ပါကြောင်း၊ မိန့်ခွန်းတစ်ခုမှာ ဖေဖေက ပြောဖူးပါကြောင်း၊ နိုင်ငံရေးနဲ့ ပတ်သက်လို့ပြောချင်တာ "ဝမ်းထဲမှာ အများကြီးပဲ၊ ပုံနေတာပဲ" တဲ့။ အဲ့ဒါကို ဖတ်လိုက်တဲ့အခါ၊ ဪ၊ လွတ်လပ်ရေးကြိုးပမ်းနေရတဲ့အချိန်ဆိုတော့ ပြောစရာတွေကလည်း များမှာပဲလို့ တွေးမိပါကြောင်း၊ အခုတော့ နိုင်ငံရေးနဲ့ပတ်သက်လို့ ပြောစရာကတော့ အစဉ်များနေမှာပဲဆိုတာကို သဘောပေါက်နေပြီဖြစ်ပါကြောင်း။

ယခု Covid ကိစ္စကလည်း နိုင်ငံရေးပဲဖြစ်ပါကြောင်း၊ နိုင်ငံအတွက် ကြီးမားတဲ့အရေးဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသဖြင့် ခွဲခြားပြီး စဉ်းစားလို့မရပါကြောင်း၊ အားလုံးကို စုပေါင်းပြီး၊ နိုင်ငံရေး၊ နိုင်ငံရေးစိန်ခေါ်မှုကြီးလို့ မြင်ဖို့လိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ဖို့ အများကြီးလိုပါကြောင်း။

ဖေဖေ ဘုန်းကြီးကျောင်းသားလေသံနဲ့ မိန့်ခွန်းတစ်ခုကို နိဂုံးချုပ်လိုက်သလို၊ "တုမှေ - သင်ပရိသတ်အပေါင်းတို့သည် ဂဏှထ - မမေ့မလျော့ မပေါ့သတိနှင့် မှတ်သားသွားကြကုန်လော့။" ဟု ရေးသားထားသည်။

**"ယခု Covid ကိစ္စကလည်း နိုင်ငံရေးပဲ ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် ကြီးမားတဲ့ အရေး ဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသဖြင့် ခွဲခြားပြီး စဉ်းစားလို့မရပါကြောင်း၊ အားလုံးကို စုပေါင်း ပြီး၊ နိုင်ငံရေး၊ နိုင်ငံရေးစိန်ခေါ်မှုကြီးလို့ မြင်ဖို့လိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ဖို့ အများကြီးလိုပါကြောင်း"**


လာမည့်လများတွင် ပြင်သစ်နိုင်ငံ၏ အလုပ်အကိုင်ပေါင်း ရှစ်သိန်းခန့် ဆုံးရှုံးနိုင် — နိုင်ငံတကာသတင်း — စာ ၁၂

ဥရောပမှလွဲ၍ ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှု ပိုဆိုးလာချိန် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုမှ ရုန်းထွက်လာတဲ့ မော်စကို — နိုင်ငံတကာရေးရာ — စာ ၁၄


## ချင်းရွှေဟော် မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန် ၁၂၇ ဦး ဆက်လက်ဝင်ရောက်

ချင်းရွှေဟော် ဇွန် ၁၁

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ၁၂၇ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၂၇ ဦးတို့မှာ


*စာမျက်နှာ ၄ ကော်လံ ၅ ❋*





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဆိုးကျိုး ကလေးအလုပ်သမားများ တိုးမလာစေဖို့

ကလေးဆိုသည်မှာ လူ့ဘဝဖြစ်တည်မှု၏ အစ၊ ကိုယ်ရောစိတ်ပါ ငယ်ရွယ်နုနယ်သေးသည့်အရွယ်ဖြစ်သည်။ ကလေးဘဝသည် အမိအဖတို့၏ အရိပ်အာဝါသအောက်တွင် အကြင်နာမေတ္တာတို့ကို ခံစားကြရင်း ကျန်းမာပျော်ရွှင်စွာ ဆော့ကစား၊ အာဟာရပြည့်ဝစွာ စားသောက်၍ ပညာသင်ကြားရမည့်အရွယ်ရောက်လာသည့်အခါ ပညာသင်ကြားကြပြီး ရင်သန်ကြီးပြင်းကြရမည့် အနာဂတ်ဘဝခရီးအတွက် ပြင်ဆင်ကြရခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းအခွင့်အရေး၊ အခွင့်အလမ်းတို့ကို ကလေးတိုင်း အပြည့်အဝရရှိကြသည်မဟုတ်။ ကလေးတိုင်း အမိအဖတို့နှင့် ပျော်ရွှင်စွာနေထိုင်ခွင့်မရ။ ကလေးတိုင်း အာဟာရပြည့်ဝစွာ စားသောက်ခွင့်မရ။ ကလေးတိုင်း ပညာသင်ကြားခွင့်မရ။ မရခြင်းတို့၏ အဓိကအကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ၁၅၂ သန်းသော အရေအတွက်ရှိ ကလေးများ အလုပ်လုပ်နေကြရသည်။ ယင်းအရေအတွက်မှာ မြန်မာနိုင်ငံ လူဦးရေ၏ နှစ်ဆခွဲ သုံးဆခန့်ရှိနေသည်။ အဆိုပါ ကလေးအလုပ်သမားများအနက်မှ ၇၃ သန်းခန့်တို့မှာ ဘေးအန္တရာယ်ရှိသည့် အလုပ်များကို လုပ်ကိုင်နေကြရခြင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင်လည်း ကလေးအလုပ်သမား ၁ ဒသမ ၂ သန်းရှိပြီး ယင်း၏ထက်ဝက်ဖြစ်သော ကလေးအလုပ်သမား ခြောက်သိန်းခန့်မှာ အန္တရာယ်ရှိသည့်လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေကြရသည်ဟု ဆိုသည်။ အသက် ငါးနှစ်မှ ၁၇ နှစ်အထိ အရွယ်ရှိသော ကလေးအလုပ်သမားများမှာ လယ်ယာလုပ်ငန်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ အိမ်ဖော်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြရသည်။ ဘေးအန္တရာယ်ရှိသည့် အလုပ်များဟုဆိုရာတွင် အပူအအေး လွန်ကဲခြင်း၊ အခိုးအငွေ့နှင့် ဖုန်အမှုန်များကို ရှူရှိုက်ရခြင်း၊ အမြင့်တက်ရခြင်း၊ ဆူညံသံများခြင်း၊ အလုံပိတ်ခန်းများတွင် လုပ်ကိုင်ရခြင်းကဲ့သို့သော လုပ်ငန်းခွင်အခြေအနေများဖြစ်ပြီး ကလေးအလုပ်သမားများအပေါ် လုပ်အားနှင့်လုပ်ခ ခေါင်းပုံဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုကဲ့သို့ မတရားပြုမူမှုများကို အကာအကွယ်ပေးရန် လိုအပ်ကြောင်း သိရသည်။

ပညာသင်ကြားရမည့်အရွယ် ကလေးငယ်များ လုပ်ငန်းခွင်များသို့ ရောက်ရှိလာကြရခြင်းမှာ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်သည်။ မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးအတွက် အရွယ်မတိုင်မီ အလုပ်လုပ်ကြရခြင်းဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ကလေးအလုပ်သမား၏ ဝင်ငွေကပင် မိသားစုအတွက် အဓိကဝင်ငွေဖြစ်နေတတ်သည်ကိုလည်း တွေ့ရသည်။ သို့ဖြစ်ရာ ကလေးအလုပ်သမားပပျောက်ရေးအတွက် ၎င်းအား လုပ်ငန်းခွင်မှ ဖယ်ရှားခြင်းက မှန်ကန်သည့် အဖြေမဟုတ်ကြောင်း တွေ့ရှိနိုင်သည်။ အဓိကအကြောင်းရင်းများဖြစ်သည့် ဆင်းရဲမွဲတေမှု၊ မိသားစုဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းမရှိမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ စစ်မက်ဘေးကြောင့် ရပ်ရွာကို စွန့်ခွာကြရမှု စသည့် ရေသောက်မြစ်များကို ဖြတ်တောက်ပစ်နိုင်မှသာ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလတွင် အဆိုးဆုံးအခြေအနေသို့ ကျရောက်နေရာ ယင်း၏ ဆိုးကျိုးသက်ရောက်မှုက ကမ္ဘာတွင် နောက်ထပ်ကလေးအလုပ်သမားများ သန်းနှင့်ချီ၍ တိုးပွားလာနိုင်သည်ဟူ၍ တွက်ဆထားကြသည်။ သို့ဖြစ်ရာ ယနေ့ ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ ဆောင်ပုဒ်ကို "COVID-19 : Protect Children from Child Labour, Now more then Ever"၊ "ကိုဗစ် – ၁၉ ၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့၊ ယခင်ကထက်ပိုတိုးလို့၊ ယခုပင် ကာကွယ်စို့" ဟူ၍ သတ်မှတ်ပြီး ကလေးအလုပ်သမားပပျောက်ရေးအတွက် ဦးတည်ချက်ချမှတ်ထားသည်။

ဆင်းရဲနွမ်းပါးမှုနှင့် ပညာရည်နိမ့်ကျမှုအခြေခံရှိနေသော ကလေးများကို ၎င်းတို့၏ ဝင်ငွေရလုပ်ငန်းခွင်များမှ ဖယ်ရှားလိုက်ခြင်းက မူးယစ်ဆေးဝါးနှင့် ဒုစရိုက်နွံထဲသို့ ကျရောက်သွားနိုင်သည့် ဘေးအန္တရာယ် ရှိနေသည်ကို သတိမူကြရမည်ဖြစ်ပြီး လက်ရှိအကောင်အထည်ဖော်လျက်ရှိသော မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်နှင့် လူမှုအဖွဲ့အစည်းများ၊ မိသားစုများကပါ ဝိုင်းဝန်းဆောင်ရွက်ရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

(က) မြန်မာ့စီးပွားရေးဘဏ်
- Bank Name – Myanmar Economic Bank(H.O),Forex Operation
- Account No. – CF 004880(MMK)
  – EDN 600010(US$)
- Swift Code – MYEBMMMY
- Account Name – National Level Central Committee for Prevention Containment and Treatment of Covid 19
- Bank Address – Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်
- Bank Name – KBZ Bank Ltd.
- Account No. – 034 103 034 0232 8301 (MMK)
  – 034 109 034 0232 8301 (US$)
- Swift Code – KBZBMMMY
- Account Name – Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
- Bank Address – No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
- Branch Address – No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရောဝတီဘဏ်
- Account No. – 000 110 501 002 5635 (MMK)
  – 000 110 503 000 0425 (US$)
- Swift Code – AYABMMMY
- Account Name – CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
- Bank Address – No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
- Branch Address – No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်
- Account No. – 0093 1005 0000 1333 (MMK)
  – 0093 1012 0000 2957 (US$)
- Swift Code – CPOBMMMY
- Account Name – CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် –

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၈၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# သီပေါမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၀၀၀၀ ခန့် ပျိုးထောင်ထားရှိ

**သီပေါ ဇွန် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၄၉၂၀၀ ကျော်ကို သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်နှင့် ခိုလုံပျိုးဥယျာဉ်တို့တွင် စိုက်ပျိုးရန် အသင့်ပြင်ဆင်ထားရှိမှုကို ဇွန် ၉ ရက်က တွေ့ရသည်။

သီပေါမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့မပျိုးဥယျာဉ်တွင် လူထုဖြန့်ဝေရန် ပျိုးပင်ပေါင်း ၄၉၂၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ ၂၂၇၆၁၊ သီးနှံရောနှော ၂၀၀၀ နှင့် ခိုလုံပျိုး ဥယျာဉ်ခြံတွင် ဒေသခံပြည်သူအစုအဖွဲ့ ၅၃၁၂၄ တို့အတွက် ယွန်း၊ မဲဇလီ၊ ယမနေ၊ မန်ကျည်းရှား၊ ပိတောက်၊ ပိတောက်နက်၊ ရေပိတုန်း၊ ငုရွှေဝါ၊ ငုစပ်၊ စိန်ပန်းပြာ၊ သစ်လှ၊ ရေတမာ၊ ကံ့ကော်၊ ခရေ၊ ရေသင်းဝင်၊ ပန်းတမာနှင့် ရင်ခတ်ပန်းတို့ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မွေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပွဲတော်တွင် တုံစင့်ကျေးရွာရှိ ဘိုးဘွားရိပ်သာ၌ စိုက်ပျိုးမည့် ကျွန်း၊ ပိတောက်အပါအဝင် ပန်းအလှပင် မျိုးစုံ ပျိုးပင် ၅၀၀ ကျော်ကိုလည်းကောင်း စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဇော်ဦးထံက သိရသည်။

**စိုင်း(သီပေါ)**

# "ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်" လုပ်ငန်းလိုင်စင်လျှောက်ထားနိုင်

**နေပြည်တော် ဇွန် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ တရားဝင်အသိအမှတ်ပြု "ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်" ခွင့်ပြုပေးမည်ဖြစ်၍ လျှောက်ထားလိုသူများသည် လုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနောက်တောင်မုတ်သုံလေ ဝင်ရောက်ပြီးဖြစ်

**နေပြည်တော် ဇွန် ၁၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပြည်သူသာလျှင် အဓိက

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ National Tourism Guidelines for COVID-19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ National Tourism Guidelines for COVID–19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတိအကျလိုက်နာ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်မှစ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Guideline များကို အတိအကျ လိုက်နာဆောင်ရွက်စေခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် COVID–19 Economic Relief Plan (CERP) ပေါ်တွင် အခြေပြု၍ COVID–19 Myanmar Tourism Relief Plan ကို အဆင့်သုံးဆင့်ဖြင့် ချမှတ်ပြီး ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို တင်ပြပြီးဖြစ်ပါကြောင်း။

**ပြန်လည်အသက်ဝင်လာရန် မျှော်လင့်**

ကိုဗစ်–၁၉ ကူးစက်မှုကို ကာကွယ်ရန် ပြည်ဝင်ခွင့်များ ယာယီပိတ်ထားပြီး လေကြောင်းလိုင်းများ ရပ်နားထားသည့်အချိန်တွင် ခရီးသွားလုပ်ငန်းသည် လုံးဝရပ်တန့်သွားပါကြောင်း၊ ၂၀၂၀ ဇန်နဝါရီလတွင် ခရီးသွား လေးသိန်းဝင်ရောက်ခဲ့ရာမှ ဧပြီလတွင် ခရီးသွား ၁၀၀ မရှိသည့်အနေအထား ရောက်ရှိသွားသည်ကို ပြည်သူများ ဘေးကင်းလုံခြုံမှုအတွက် အားလုံးအတူတကွ ကြံ့ကြံ့ခံခဲ့ကြပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Guidelines များကို လိုက်နာပြီး ကိုဗစ်–၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်သည့် social distancing နှင့် အလုပ်ရုံ၊ စက်ရုံများ ပြန်ဖွင့်ရန်၊ ဈေးများ၊ စားသောက်ဆိုင်များ ပြန်ဖွင့်ရန်၊ ဟိုတယ်၊ တည်းခိုခန်းများ ပြန်ဖွင့်ရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဖြေလျှော့မှု နောက်တစ်ဆင့်မှာ ဘုရားများ၊ ပြတိုက်များကို social distancing နှင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဆိုလျှင် ပြည်တွင်းခရီးသွားများ စတင်သွားလာကြပြီး ခရီးသွားလုပ်ငန်း တဖြည်းဖြည်းချင်း ပြန်လည်အသက်ဝင်လာရန် မျှော်လင့်ပါကြောင်း၊ ပြည်တွင်းခရီးသွားများ COVID Safe travel လုပ်နိုင်သည်ကို ပြပြီး ကိုဗစ်–၁၉ ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်နေသည်ဟု ယူဆရသည့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများနှင့် Regional Travel Bubble ထူထောင်သွားလိုပါကြောင်း၊ ဒေသတွင်း ခရီးသွား ပြန်လည်စတင်နိုင်ရန် Tourism National Guidelines ရှိရမည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော Guidelines များကို စုစည်း၍ Tourism National Guidelines Beta Version အဖြစ် ပြင်ဆင်ထားပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထပ်မံထုတ်ပြန်မည့် Guidelines များကိုလည်း နောက် version တွင် ဖြည့်စွက်ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း။

မကြာမီက Forbes Magazine က ကိုဗစ်–၁၉ အလွန်တွင် ပေါ်ထွန်းလာမည့် Tourism Destination ခုနစ်ခုမှာ မြန်မာနိုင်ငံကို ထည့်သွင်းဖော်ပြခဲ့သည့်အတွက် လာမည့် ခရီးသွားရာသီတွင် မြန်မာနိုင်ငံကို လာရောက်လိုသည့် ခရီးသွားများ၏ စုံစမ်းမှုများကို စတင်ရရှိနေပြီ ဖြစ်ပါကြောင်း၊ လက်ရှိလာရောက်သူများမှာ Business or Diplomatic Traveller အများစုဖြစ်ကြပြီး Leisure Traveller များ စတင်ဝင်ရောက်လာလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် Health Insurance ပါရှိရန်ကိုပါ လိုအပ်ချက်တစ်ခုအဖြစ် ထည့်သွင်းပေးစေလိုပါကြောင်း။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ National Tourism Guidelines for COVID–19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

နောက်ဆုံးတစ်ချက်မှာ နိုင်ငံ၏ ပကတိအခြေအနေအတိုင်း တည်ရှိနေသည့် တောတောင် ရေမြေတွင် Hiking, Canoeing, Rafting, Bungee Jumping, Zip Lining ကဲ့သို့သော Adventure Tourism ဖြင့် Quality Traveller များကို ဆွဲဆောင်နိုင်ရန် ပြင်ဆင်နေပါကြောင်း၊ Sports Tourism ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်၍ ယင်းကော်မတီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး Adventure Tourism SOP များ ပေါ်ထွက်အောင် ဆောင်ရွက်ရန် ပဏာမညှိနှိုင်းမှုတစ်ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

**အကြံဉာဏ်များတောင်းခံ**

ပြည်သူများအတွက် ဘေးကင်းလုံခြုံစွာနှင့် ခရီးသွားလုပ်ငန်း တစ်ဆင့်ချင်း ပြန်လည်စတင်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံဉာဏ်များကို တောင်းခံပါကြောင်း ပြောကြားသည်။

**အသေးစိတ်ပြန်လည်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိ၌ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါသည် Community Transmission ၊ Local Transmission တွင် နည်းနေပြီဖြစ်ပြီး ကူးစက်မှုများရှိနေဆဲဖြစ်ပါကြောင်း၊ လက်ရှိတွင် ပြည်ပမှ ဝင်ရောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကို ထိန်းချုပ်နိုင်ကာ စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိဖြေလျှော့မှုများကို ကိုဗစ်–၁၉ ၏ ကူးစက်ဖြစ်ပွားမှုအပေါ် မူတည်၍ တစ်ဆင့်ချင်း တဖြည်းဖြည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအရေးကြီးသည့် ကာကွယ်မှုများမှာ Social Distancing အတိုင်း ဆောင်ရွက်ခြင်း၊ လက်ဆေး ခြင်းနှင့် နှာခေါင်းစည်းများ တပ်ခြင်းတို့ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး Guidelines များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အများပြည်သူလိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးအာမခံနှင့် ပတ်သက်၍ နိုင်ငံတကာ ခရီးသွားများကို အဟန့်အတားဖြစ်လောက်အောင် ဈေးမကြီးဘဲ နိုင်ငံတော်က စရိတ်ကျခံရခြင်းကို ကာမိစေမည့် ကျန်းမာရေး အာမခံထားရှိရေး ဆောင်ရွက်ရမည့်ကိစ္စများကို အသေးစိတ်ပြန်လည်ဆွေးနွေးပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**လစဉ်ပုံမှန်စစ်ဆေးနိုင်ရေး ဆောင်ရွက်**

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ဖြေလျှော့မှုများအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဖြေလျှော့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများနှင့် စားသောက်ဆိုင်များကို သတ်မှတ်ထားသည့် Guidelines များအား လိုက်နာဆောင်ရွက်၍ ဖွင့်လှစ်နေခြင်း ရှိ၊ မရှိကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လစဉ်ပုံမှန်စစ်ဆေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်း ခရီးသွားများ ပြန်လည်စတင်လာလျှင် ဆောင်ရွက်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Guidelines များကို စုစည်း၍ Tourism National Guideline Beta Version အဖြစ် ပြုစုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်မှုအနေဖြင့် BBC မီဒီယာအစီအစဉ်တွင် ထည့်သွင်းဖော်ပြရန် Video Clip ပြုလုပ်၍ ပေးပို့ထားပါကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် ASEAN Tourism Minister Meeting Online အစည်းအဝေးတွင် မလေးရှားခရီးသွားဝန်ကြီးက Common ASEAN Health Certificate ဖော်ဆောင်ရန် သင့်၊ မသင့် စဉ်းစားရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများက National Tourism Guidelines for COVID–19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



## အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၁**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ထုတ်ဝေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များသို့ လှူဒါန်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်လဲ့လဲ့သွင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ ကော်မရှင်အဖွဲ့ဝင် ဒေါ်လဲ့လဲ့သွင်က ရည်ညွှန်းစာစောင်များ လှူဒါန်းပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရည်ညွှန်းစာစောင် ၉၁ စုံကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ရခိုင်ပြည်နယ်၊ စစ်ကိုင်း/တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းခွင်များအား Online စနစ်ဖြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းခွင်များအား Online စနစ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)





ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်ထင်ကျော်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဗန်းမောက်မြို့နယ် ဝန်းသို-ဗန်းမောက်လမ်းပေါ်ရှိ ပါယ-ကန်တော်ကြား သဲချောင်း ၁၀၀x၁၄ ပေ သံကူကွန်ကရစ်တံတား ၉၀ ရာခိုင်နှုန်းပြီးစီးမှု၊ ပင်လည်ဘူးမြို့နယ် မြို့မရပ်ကွက် တိုးချဲ့လယ်ပြင်ရပ်ကွက်အတွင်း ကွန်ကရစ်လမ်း (၁/၄)မိုင် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးဦးက သံတွဲမြို့နယ် စန္ဒြားတောင်စေတီ ဘုရားတက် ကားလမ်းနှင့် ဘုရားရင်ပြင်လမ်း ဆက်သွယ်သည့် ကွန်ကရစ်လမ်း ပေ ၁၉၅၀၊ အဆိုပါလမ်းပေါ်ရှိ ၁၂ ပေ သံကူကွန်ကရစ် တံတားတစ်စင်း၊ Box Culvert နှစ်စင်း လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးမှု၊ သံတွဲမြို့နယ် ကျောက်တန်း-တောင်ပေါက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ၃၅ ပေ သံကူကွန်ကရစ်တံတား ၉၀ ရာခိုင်နှုန်း ပြီးစီးမှုများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်က ရေဖြူမြို့နယ် မင်းသားကျေးရွာအုပ်စု အိန္ဒရာဇာ-ဆင်ကူး-လယ်ကြီး-မင်းသား-စိန်ဘုံကျေးရွာချင်းဆက်လမ်းပေါ်ရှိ မင်းသားချောင်းကူးနှင့် လယ်ကြီးရွာအဝင် ပေ ၆၀ ကွန်ကရစ်တံတားနှစ်စင်း ၉၀ ရာခိုင်နှုန်း ပြီးစီးမှု၊ ရေဖြူမြို့နယ် ဖားချောင်းကျေးရွာအုပ်စု ဖားချောင်း-တောင်ရင်းအင်း-ဆယ်အိမ်စု (ကလိန်အောင်-ကံပေါက်လမ်းဆုံ) ဆက်သွယ်သည့် မြေလမ်း (၉/၀)မိုင်အား ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီးမှုများအား လုပ်ငန်းတည်ဆောက်ပြီးစီးခဲ့မှု မှတ်တမ်းများ၊ တည်ဆောက်ဆဲ လုပ်ငန်းခွင်အခြေအနေများကို Online စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ဒေသလူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဓိက လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ခွင့်ပြုပေးသည့် ရန်ပုံငွေဖြင့်သာမက နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၏ ထောက်ပံ့ကူညီမှုများဖြင့်လည်း မိမိတို့လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့် ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို Online စနစ်ဖြင့် စစ်ဆေးကြည့်ရှု ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆောလျင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနေသည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ ခရိုင်မှူးများ၊ မြို့နယ်မှူးများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျလိုက်နာပြီး မိမိတို့ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ စစ်ဆေးကြပ်မတ် အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန်၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများအနေဖြင့် လုပ်ငန်းအတွေ့အကြုံနှင့် လုပ်ငန်းဆိုင်ရာ နားလည်ကျွမ်းကျင်မှုရှိပြီးသူများဖြစ်သဖြင့် တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံခြင်းဖြင့် ခံယူချက်၊ ယုံကြည်ချက် မှန်မှန်ကန်ကန်ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များအပေါ် အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်လိုသည့် စိတ်ဆန္ဒဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ဆင့်ကဲဆင့်ကဲ တာဝန်ပေးအပ်ခြင်း၊ တာဝန်ယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို အမြဲလေ့လာသင်ယူဆည်းပူး အသုံးချသွားကြရန်၊ မိမိတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် "ကြီးကြပ်ကွပ်ကဲမှုကောင်းလေလေ လုပ်ငန်းအရည်အသွေးမြင့်မားလေလေ" ဆိုသည့် အသိဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ပေးရန် လိုအပ်ပါကြောင်း ရှင်းလင်းမှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့၏ ညှိနှိုင်းတင်ပြချက်၊ ဒေသခံပြည်သူလူထုတို့၏ ပကတိလိုအပ်ချက်၊ လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အခြေခံပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နှစ်စဉ် လျာထား ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေလမ်း ၂၂ မိုင်၊ ကျောက်လမ်း (၂၈/၆) မိုင်၊ ကွန်ကရစ်လမ်း (၁/၄) မိုင်၊ တံတားကြီး၊ ငယ်၊ လတ် ၁၅ စင်း၊ Box Culvert ၄၈ စင်း၊ ရေသွယ်တန်းခြင်း ပေ ၁၀၀၀ အစရှိသည့် လုပ်ငန်းများကို စုစုပေါင်း ရန်ပုံငွေကျပ် ၄၁၈၄ ဒသမ ၇၉၀ သန်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း မြေလမ်း ခုနစ်မိုင်၊ ကျောက်လမ်း (၈/၅) မိုင်၊ တံတားကြီး၊ငယ်၊ လတ် ၁၉ စင်း၊ Box Culvert ၅၅ စင်း၊ ရေပြွန် ၁၄ စင်း၊ အိမ်ရာဆောက်လုပ်ခြင်း ၂၄၂ လုံး အစရှိသည့် လုပ်ငန်းများကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၂၉၀ ဒသမ ၅၂၃ သန်းဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေလမ်း(၂၂/၅)မိုင်၊ ကျောက်လမ်း (၁၃/၆)မိုင်၊ ကွန်ကရစ်လမ်း (၂/၇)မိုင်၊ တံတားကြီး၊ ငယ်၊ လတ် ၂၃ စင်း၊ Box Culvert ၇၃စင်း၊ မြေထိန်းနံရံ ပေ ၂၀၀ အစရှိသည့် လုပ်ငန်းများကို စုစုပေါင်းရန်ပုံငွေကျပ် ၄၆၈၃ ဒသမ ၆၁၆ သန်းဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေး ဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီအစည်းအဝေးများ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီအစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေး ဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီအစည်းအဝေးများကျင်းပစဉ်။ သတင်းစဉ်

စည်းရုံးလှုံ့ဆော်ရေး ဆပ်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် ဆပ်ကော်မတီဝင်များက ရုပ်ရှင်နှစ် (၁၀၀)ပြည့် ပွဲတော်နှင့် ပတ်သက်၍ ပြည်သူလူထုအကြား ပျံ့နှံ့သိရှိစေရန် အွန်လိုင်းမီဒီယာတစ်ခုဖြစ်သော facebook Page တစ်ခု ထူထောင်ပြီး ရုပ်ရှင်ရာပြည့်နှင့် ပတ်သက်သော သတင်းများနှင့် လှုပ်ရှားမှုများလွှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်းတို့ ပူးပေါင်းညှိနှိုင်း၍ ယခင်က နာမည်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ၊ မြန်မာသံစဉ်တေးသီချင်းများအပြင် ရုပ်ရှင်ရာပြည့်အတွက် သီချင်းသစ်များကို အရွယ်သုံးပါး ကြိုက်နှစ်သက်သည့် သီချင်းများ ရေးစပ်ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ မြန်မာ့ရုပ်ရှင်ရာပြည့်အမှတ်တရအဖြစ် တေးသီချင်းပြိုင်ပွဲ ကျင်းပနိုင်ရေး၊ ယှဉ်ပြိုင်ပြီးသည့် ဇာတ်ဝင်တေးသီချင်းများကို စုစည်း၍ တေးသီချင်း Album တစ်ခုထုတ်ဝေရေး၊ ရုပ်ရှင်ရာပြည့်နှင့် ပတ်သက်သော အမှတ်တရပစ္စည်း ပြုလုပ်သွားရေး၊ ရုပ်သံလိုင်းများတွင် သမိုင်းဝင်ရုပ်ရှင်တေးသီချင်းများနှင့် ရုပ်ရှင်ကားများ၊ စကားဝိုင်းဆွေးနွေးပွဲများနှင့် အင်တာဗျူးအစီအစဉ်များ ထုတ်လွှင့်ပြသရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ တတိယအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးကြည်စိုးထွန်းနှင့် ဆပ်ကော်မတီဝင်များက မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၊ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲ၊ ကာတွန်းရုပ်ရှင်ပြိုင်ပွဲနှင့် မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲများ၊ Tik Tok ပြိုင်ပွဲများကို မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားကျင်းပရေး ရည်ရွယ်ချက်သုံးရပ်နှင့်အညီ ဖိတ်ခေါ်ကျင်းပရေး၊ ဆုများစနစ်တကျ ရွေးချယ်နိုင်ရေး၊ ဆုချီးမြှင့်ရေးတို့အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များပါဝင်သည့် စိစစ်အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းပြီး ဆုများ စနစ်တကျ ရွေးချယ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဥမ္မာ၊ ရီရီ

## မောင်တောမြို့နယ် မြို့သူကြီး တစ်နိုင်တစ်ပိုင် ရေချိုငါးသားပေါက်စခန်းတွင် မျိုးငါးများ ရွေးချယ်

မောင်တော ဇွန် ၁၁

မောင်တောမြို့ မြို့သူကြီးတစ်နိုင်တစ်ပိုင် ရေချိုငါးသားပေါက်စခန်းတွင် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးထွန်းတင်၊ ဦးရန်ပိုင်မိုး(လက်ထောက်ဦးစီးမှူး)နှင့် ဝန်ထမ်းများ စုပေါင်း၍ မျိုးငါးရွေးချယ်ခြင်းလုပ်ငန်းများကို ယနေ့နံနက်က ဆောင်ရွက်ကြသည်။ မြို့သူကြီးတစ်နိုင်တစ်ပိုင် ရေချိုငါးသားပေါက်စခန်းတွင် ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ မြက်စားငါးကြင်း၊ တီလားပီးယားငါးမျိုးများကို မွေးမြူထားရှိသည်။

ယခုနှစ် ဇူလိုင်လအတွင်း ငါးမြစ်ချင်း ဆေးထိုးသားဖောက်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ထွက်ရှိလာသော ငါးသားပေါက်များကို တိုင်းရင်းသားကျေးရွာများရှိ ရေချိုငါးမွေးကန်များ၊ တပ်ရင်းတပ်ဖွဲ့ပိုင် ငါးမွေးကန်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဖြန့်ဖြူးသွားမည်ဖြစ်ပြီး တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ် မွေးမြူထုတ်လုပ်လာနိုင်စေရန်နှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ❋ ရှေ့ဖုံးမှ

အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၇၆ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ၅၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ လေးဦး၊ ကချင်ပြည်နယ်မှ သုံးဦး၊ ရခိုင်ပြည်နယ်မှ ၁၄ ဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ဖြစ်သည်။

နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၃၀ ရက်မှ ဇွန် ၁၁ ရက်အထိ အမျိုးသား ၅၉၁၃ ဦးနှင့် အမျိုးသမီး ၄၅၁၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၄၂၄ ဦးတို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှု (COVID-19 Surgical Safety) ကိစ္စရပ်များအား Video Conferencing ဖြင့် ဆွေးနွေးစဉ်။ သတင်းစဉ်

# ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှု ကိစ္စရပ်များအား Video Conferencing ဖြင့် ဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာခွဲစိတ်ကုသမှု (COVID-19 Surgical Safety) ကိစ္စရပ်များနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဆေးတက္ကသိုလ်ငါးခုမှ ပါမောက္ခချုပ်များ၊ ခွဲစိတ်ကုပညာ၊ ဆေးပညာ၊ သားဖွားနှင့် မီးယပ်ပညာ၊ မေ့ဆေးပညာ၊ အရေးပေါ်ဆေးပညာနှင့် ဆေးပညာတို့မှ ပါမောက္ခ/ ဌာနမှူးများ၊ အမျိုးသားကျန်းမာရေး ခတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ခံ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများသည် ယနေ့နံနက်ပိုင်းက Video Conferencing ဖြင့် ဆွေးနွေးပွဲကျင်းပသည်။

### တိုင်းတာချိန်ဆ ဆောင်ရွက်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ သည် ခွဲစိတ်မှုဆိုင်ရာ ရောဂါမဟုတ်သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ရာတွင် လူနာဘေးကင်းလုံခြုံရေးအပြင် ခွဲစိတ်ကုသသူ ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် သူနာပြုများထံ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရေးတို့သည် အရေးကြီးပါကြောင်း၊ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခြင်းနှင့် ခွဲစိတ်ကုသမှု ဆောင်ရွက်ခြင်းတို့တွင် ဆေးပညာ ကျင့်ဝတ်များနှင့်အညီ တိုင်းတာချိန်ဆ ဆောင်ရွက်သကဲ့သို့ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများ ဘေးကင်းလုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ခြင်းများကို ဆေးပညာကျင့်ဝတ်များနှင့် အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှုကိစ္စရပ်များအတွက် လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို မူကြမ်းများ ရေးဆွဲဆောင်ရွက် ထားရှိမှုသည် ကောင်းမွန်ပါကြောင်း၊ အဆိုပါ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းမူကြမ်းများကို အပြီးသတ်ရေးဆွဲနိုင်ရန် ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာနှင့် နီးနွယ်ဌာနများမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့ကိုဖွဲ့ပြီး ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်မှာ ကောင်းမွန်ပါကြောင်း၊ ဆေးနှင့် ဆေးပညာနီးနွယ် ပညာရပ်ဌာနများ အားလုံးမှ သက်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများက ကြီးမှူး၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ အထူးကုဆရာဝန်များနှင့် ပုံမှန်ဆွေးနွေးမှု၊ ပညာရပ်ပိုင်းဆိုင်ရာ မျှဝေမှုတို့အား ယခုကဲ့သို့ Video Conferencing စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတကာတွင် ချမှတ်ကျင့်သုံးနေသော ကိုဗစ်-၁၉ ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသခြင်း လုပ်ငန်းလမ်းညွှန်များကို မိမိတို့နိုင်ငံနှင့် ကိုက်ညီစွာဖြင့် မွမ်းမံမှုများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ အထူးကုဆရာဝန်များထံ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်စေလိုပါကြောင်း။

### စာရင်းပုံစံများဖြင့် ဆန်းစစ်

ကိုဗစ်-၁၉ ၏ ဖြစ်စဉ်သဘော သဘာဝ (natural history of disease) ကို အပြည့်အဝမသိရှိသေးသဖြင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ သံသယလူနာနှင့် ခတ်ခွဲအတည်ပြုလူနာများကို ခွဲစိတ်ကုသရာ၌ အထူးသတိပြု၍ လုပ်ငန်းလမ်းညွှန်များအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာခွဲစိတ်ကုသခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အနည်းဆုံးလိုအပ်ချက်နှင့် စံနှုန်းများကို ချမှတ်ပေးရန်နှင့် စံနှုန်းများ ပြည့်မီမှုအခြေအနေကို စာရင်းပုံစံများဖြင့် ဆန်းစစ်ကြရမည် ဖြစ်ပါကြောင်း၊ အရေးပေါ်မဟုတ်သော ခွဲစိတ်ကုသမှုများကို ယခုအချိန်တွင် စတင်ပြုလုပ်ရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆေးရုံအလိုက် တာဝန်ရှိသူများက စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပါကြောင်း၊ ပြင်ပလူနာများနှင့် ပြန်လည်ချိန်းဆို၍ ကြည့်ရှုသောလူနာများ စုပြုံမနေစေရန် သက်ဆိုင်ရာ ဆေးရုံအုပ်နှင့် အထူးကုဆရာဝန်ကြီးများ တိုင်ပင်၍ အစီအမံနှင့် လုပ်ငန်းလမ်းညွှန်များ ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဝယ်ယူဖြည့်ဆည်းမှု၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိလျက်ရှိပြီး အဆိုပါ ဆေးပစ္စည်းကိရိယာများကို ယခု ကိုဗစ်-၁၉ အတွက်သာမက ရေရှည်တွင် အခြားလူနာများအတွက်ပါ အသုံးချဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှု၊ ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိလာမှုတို့ကြောင့် ရေရှည်တွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၌ ဝန်ကြီးဌာန၏ဘဏ္ဍာငွေဖြင့် ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရာတွင် သက်ဆိုင်ရာပညာရပ် ပါမောက္ခ/ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၏ အကြံပြုချက်များရယူကာ ဆက်လက်ဝယ်ယူရန် အသေးစိတ်စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ဆေးရုံများသို့ ခွဲဝေချထားပေးရာတွင်လည်း သက်ဆိုင်ရာ ဆေးရုံများအလိုက် ရောဂါဖြစ်ပွားမှု အခြေအနေများနှင့် အညီ ခွဲဝေဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ဆေးနှင့် ဆေးပညာနီးနွယ် ပညာရပ်များမှ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲပုံသေမဟုတ်ဘဲ ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်၊ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို သုံးသပ်ပြီး အချိန်နှင့် တစ်ပြေးညီ မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲသို့ တက်ရောက်လာသော ခွဲစိတ်နှင့် နီးနွယ်ပညာရပ်များမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုဆရာမကြီးများနှင့် တာဝန်ရှိသူများအနေဖြင့် ပွင့်လင်းစွာဖြင့် ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းလမ်းညွှန် ပေါ်ပေါက်လာရေးအတွက် အဖွဲ့ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများအား တင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ဆေးတက္ကသိုလ်များမှ ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ/ ဌာနမှူးများက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်း ခွဲစိတ်ကုသမှုများတွင် ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံရေး (COVID-19 Surgical Safety) ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (မူကြမ်း)နှင့် စံလုပ်ထုံးလုပ်နည်း (မူကြမ်း) များ ပြုစုထားရှိမှုကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်ငါးခုမှ ပါမောက္ခချုပ်များ၊ ခွဲစိတ်ကုပညာဌာနများ၊ အရိုးရောဂါပညာဌာနများ၊ သားဖွားနှင့် မီးယပ်ပညာဌာနများ၊ ကလေးခွဲစိတ်ပညာဌာနများ၊ မေ့ဆေးပညာဌာနများ၊ အရေးပေါ်ဆေးပညာဌာနများနှင့် ဆေးပညာဌာနများမှ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှု မပြုလုပ်မီ၊ ပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးတို့တွင် ဘေးကင်းလုံခြုံရေးနှင့် ရောဂါကူးစက်မှု မရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထိုသို့ အကြံပြုဆွေးနွေးမှုများအပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရွှေမော် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရေနံထွက်ပစ္စည်းကြီးကြပ်ရေး ဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ အယ်လ်တူးမိန်းဂေါင် ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| (ဂ) | ဦးမင်းအေးကို ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မေလအတွင်း ပြည်တွင်းအလုပ်နေရာ ၆၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၃၃၇ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၆၄၇၁ ဦး စုစုပေါင်း ၆၈၀၈ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၁၁**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# တောင်ငူမြို့ ၅၂ မြို့ (အပိုင်း-၄)

သောင်းကေတု

**ရန်အောင်မြင်.. ။**

လယ်ဝေးမြို့ မြောက်ဘက်တွင် တည်ရှိသည်။ ရှေးအခါက နောင်ပြင်ဟု ခေါ်သည်။ မြို့ရိုးကျုံးရာများ ရှိသေးသည်။ ရွှေလက်လှစေတီသည် မြို့ရိုးအပြင်ဘက် အရှေ့တောင်ဘက်တွင် တည်ရှိသည်။ ပျူခေတ်ကတည်းက တည်ရှိသောမြို့ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီး တည်ခဲ့သော ရွှေလက်လှစေတီ ယိုယွင်းနေသည်ကို ပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းက ပြန်လည်တည်ထားသည်။ တောင်ငူသမိုင်းတွင် ကေတုမတီမြို့ မြောက်ဘက် တာပေါင်း ၂၂၀၀၀ အကွာ နောင်ပြင်အရပ်တွင် မြတ်စွာဘုရား၏ ဦးနှောက်တော်ဓာတ်ကို ဌာပနာ၍ သီရိဓမ္မာသောကမင်းကြီးက ရွှေလက်လှစေတီကို တည်ထားကြောင်း ဖော်ပြသည်။ လုံးပတ်တော် ၁၄၄ တောင်၊ ဉာဏ်တော် ၃၆ တောင်၊ သိမ်တဆောင်ကျောက်နိမိတ်တိုင် ၄ ခု၊ မေတ္တာကန်၊ ဘုရားဝတ်မြေများမှာ နရပတိစည်သူမင်းက လှူတော်မူသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ် ၄ မျက်နှာ ဆင်မတော် အမည် ၄င်းဝတ္တကမြေ အတွင်းတွင် လုပ်စားသည့် မြေခွန်များကို လူတစ်ကိုယ်လျှင် စပါး ၁၅ တင်း ကျစီ ကောက်ခံ၍ ဘုရားကို ပြင်ဆင်ရသည်။

မင်းကြီးညို ရေလွှဲ ၅ ခရိုင်ကို တိုက်ခိုက်စဉ်က ရန်အောင်မြင် မြို့တိုက်ပွဲကို မင်းတရားရွှေထီး နားတော်သွင်း ချေင်းတွင် ဤကဲ့သို့ ဖွဲ့ဆိုပါသည်။ 'ဗိုလ်လူရဲမက်၊ အုတ်ကျက်စည်ပင်၊ ရန်အောင်မြင်၌၊ မြင်းဆင်ထွေပြီး၊ အနီးတန်ဆာ၊ လွှားကာဆက်ကြပ်၊ အထပ်ထပ်တိ၊



တောင်ဘက်မြို့ရိုးနှင့်ကျုံး(ရန်အောင်မြင်မြို့)။

ချဉ်းကပ်မြူးဆယ်၊ ထိုဝယ်ကွန်ရက် ၊ ရှေ့သို့တက်သော်၊ မာန်ကွက်ဟူးဟူး၊ ယှဉ်ပူးရှေ့တည်၊ ထိုမြင်းသည်နှင့်၊ ခေါင်းလည်အရ၊ ရည်ခန့်ကြ၍၊ ထိုးချပုံယင်၊ အတင်တင်ဝယ် ၊ နတ်ရှင်ရှင့်ဘ ၊ ဘုန်းတော်ပြလျက် ၊ လက်လှဘုရား၊ နောက်ထားလွန်မြောက်၊ ရင်တားအောက်သို့၊ ထိုးဖောက်မြွက်မြွက်၊ စီးတည်းလွတ်၍ ၊ တလက်တဆန်း၊ သူလူလန်းမူ ၊ သိမ်းမြန်းတချက် ၊ မြင်းတော်ထက်က၊ ရွှေစက်တံခွန်၊ လုံတော်ကွန်မူ၊ ဆုံးဘန်မကျ၊ ထိုးကုံရ၏'။ တောင်ငူစစ်တမ်းတွင် ရန်အောင်မြင်မြို့၏ နယ်နိမိတ်၊ မြို့သူကြီး၏ ထွက်ဆိုချက် မရှိပါ။

**တပ်တော်သာ..။**

ပဲခူးရိုးမအတွင်းတွင် တည်ရှိသည်ဟု သိရသည်။ ယခုနေရာအတိအကျ မသိရပါ။ ၁၁၄၆ ခုနှစ် တောင်ငူမြို့စစ်တမ်းတွင် တပ်တော်သာပြည်စိုး စံလှကျော် အသက်(၅၀)ကိုမေးသော် တပ်တော်သာရွာကို ကျွန်တော်၏ဘေး ငကျော်မြ ကြီးစိုးစီရင်သည်။ မရှိလျှင် သား ငချစ်ဆုံ၊ မရှိလျှင် သားငဝင်၊ မရှိလျှင် သား ငစံလှကျော် ဆက်ခံသည်။ တပ်တော်သာနယ်သည် အရှေ့ကို ၄ တိုင်ကွာ ကုန်းခေါင်ရိုးမအထိ၊ တဘက် ရေလွှဲ ၅ ခရိုင် မြေနှင့်ကြောခိုင်း၊ အရှေ့တောင်ကို ၅ တိုင်ကွာ နတ်ကြီးကွန်းတော်ရာ ကုန်းခေါင်ရိုးမအထိ၊ တဘက်မြေထဲမြေနှင့် ကြောခိုင်း၊ တောင်ကို ၄ တိုင်ကွာ ကြေးနီချောင်း၊ ကိုထူးကွဲအထိ၊ တဘက်မြေထဲမြေနှင့် ကြောခိုင်း၊ အနောက်တောင်ကို ၆ တိုင်ကွာ စွယ်တော်ချောင်းဂ၊ လဲပင်ပင့်ဖြူအထိ တဘက်မြေထဲမြေနှင့် ကြောခိုင်း၊ အနောက်ကို ၇ တိုင်ကွာ၊ ချင်မိကြော တောင်ညို၊ တောင်ကုလားအထိ၊ တဘက် မြေထဲမြေ၊ တောင်တွင်းကြီးမြေနှင့် ကြောခိုင်း၊ အနောက်မြောက်ကို ၈ တိုင်ကွာ မန်းကြီးတင်းတိမ်ရုံအထိ၊ တဘက် တောင်တွင်းကြီးမြေနှင့် ကြောခိုင်း၊ မြောက်ကို ၈ တိုင်ကွာ ရန်ပယ်ချောင်းအထိ၊ တဘက် တောင်တွင်းကြီးမြေနှင့် ကြောခိုင်း၊ အရှေ့မြောက်ကို ၈ တိုင်ကွာ မယ်စော၃ ပိုင်း၊ ကျားသုံးပိုင်းအထိ၊ တဘက် တောင်ညို မြေ၊ ၅ ခရိုင် မြေနှင့် ကြောခိုင်း။ ၎င်းနယ်အတွင်း အနောက်မြောက်မန်ကြီး တင်းတိမ်ရုံဆိုသည့်နယ်မှာ ဟံသာဝတီရောက်မင်းဘိုးတော်စနေမင်းလက်ထက်ကသည် ယခုတိုင်အောင် ကျွန်တော် တို့က မစီရင်ရ၊ ချင်မိကြောသဲဖြူ ချောင်းဂ၊ တောင်လှည့် လမ်းကူး၊ အင်းပျဉ်ကုန်းခေါင်ရိုးမအထိသာ စီရင်ရသည်။ ကျန်နယ်မြေကို တောင်တွင်းကြီးက စီရင်ပါသည်။ အခြား တောင်ငူ ၅၂ မြို့ဝင် မြောက်ပိုင်း မြို့ရွာများကဲ့သို့ပင် လေးတပ်သားများ ဖွဲ့စည်းသည်။ လေးတပ်သားများကို အခွန်မကောက်ခံရပါ။ ကျန်လူများ၏ အခွန်ကို တောင်ငူမြို့ ရုံးတော်သို့ဆက်သွင်းရ၏။ စစ်ရေးပေါ်ပါက လေးတပ်ဖွဲ့နှင့် တောင်ငူရုံးတော်၏ စီမံခန့်ထားရာကို ထမ်းဆောင်ရ ကြောင်း ထွက်ဆိုပါသည်။ စစ်တမ်းအရ တပ်တော်သာ၏ အရှေ့တောင်၊ တောင်၊ အနောက်တောင် နယ်နိမိတ်များမှာ မြေထဲနယ်မြေများက ဝန်းရံလျက်ရှိသည်။ ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး အောင်လံမှ ရေနီအထိ နယ်ခြားကျောက် တိုင်စိုက်ထူရာတွင် ပါဝင်သော ကြေးနီချောင်း ကိုထူးကွဲတို့မှာ တပ်သော်သာ၏ တောင်ဘက်တွင်ရှိကြောင်း တွေ့ရသည်။

တောင်ငူဘုရင်မင်းကြီးညို၏ စိုးမင်းမိဖုရားမှမွေးသော သမီးတော်ကို တောင်တွင်းကြီးမြို့စား၏သား မင်းကြီးရွှေမြတ်နှင့် ထိမ်းမြားပေးသည်။ တောင်ငူဘုရင် သမီးတော်က ယောကျ္ာမတော်သူ တောင်တွင်းမင်းကြီးသို့ ပုဆိုးအကျႌ ပေါင်းထုတ်ဆက်သလိုက်သည်တွင် တောင်တွင်းမင်းကြီးက "တပ်တော်သာ(၃၆)ရွာ" ကို နယ်နိမိတ်သတ်မှတ်၍ ချွေးမတော်ကို နန္တင်းဖိုးပေးတော်မူသည်။ ထိုစဉ်ကစ၍ တပ်တော်သာသည် တောင်ငူပိုင်နက်တွင် ပါဝင်လာသည်။ စနေမင်းလက်ထက်က တပ်တော်သာနယ်မြေတွင် ပါဝင်သော နယ်အချို့ကို တောင်တွင်းကြီးကစီရင်သည်မှာ ထိုနယ်၏ မူလပိုင်ရှင်များ တောင်တွင်းကြီးမြို့စားပိုင်နက် ဖြစ်၍ စီရင်ဟန်တူသည်။

**မြို့လှမြို့..။**

ယခုရေတာရှည်မြို့နယ်တွင် ပါဝင်သည်။

၁၁၄၆ စစ်တမ်းတွင် မြို့လှသူကြီး ကင်းကိုင် ငထွန်းကြိုင် ၆၅ ခုနှစ်၊ ဓမ္မဝေသူ ၂၃ နှစ်၊ ငမောင် အသက် ၂၅ တို့ကို စစ်မေးရာ မြို့လှကင်းကို ကျွန်တော့်ဘိုးငစံပု ကြီးစိုးစီရင်သည်။ မရှိလျှင်သားငစံလုံ၊ ငစံလုံ၏ညီ ငဖြူခိုင်၊ မရှိလျှင် သား ကျွန်တော် ငထွန်းကြိုင် ဆက်ခံပါသည်။ ကျွန်တော် ဓမ္မဝေသူမှာ ဘီငဖိုးမင်း၊ သား ငကျော်ဖြူ သားငစံမွေး၊ မြေးကျွန်တော် ဓမ္မဝေသူဆက်ခံသည်။ ကျွန်တော်ငစောင်မှာ ဘီငဖိုးမင်း၊ သားငရွှေဖြိုး၊ သားငထွန်းညို၊ မြေးကျွန်တော် ငမောင် ဆက်ခံစီရင်ပါသည်။ မြို့လှနယ်မှာ အရှေ့ကို ၁ တိုင်ကွာ ဝါးရုံလဲအထိ၊ တဘက်တောလင်းမြေနှင့် ကြောခိုင်း တောင်ကို ၂ တိုင်ကွာ တန်ဘုံချောင်းအထိ၊ တဘက်မြောင်းတူး၊ သာဂရမြေနှင့်ကြောခိုင်း အနောက်ကို ၂ တိုင်ကျော်ကွာ ကန်ရေ၊ဇရပ်ကုန်းအထိ၊ တဘက် တပ်တော်သာမြေနှင့် ကြောခိုင်း၊ မြောက်ကို ၁ တိုင်ကျော်ကွာ ဒေါင်းသိုက်ချောင်းအထိ၊ တဘက် တောင်ဝင်းမြေနှင့် ကြောခိုင်း၊ ဤနယ် ၄ ရပ်အတွင်း လုပ်သားတို့မှာ ကျွဲတရှဉ်းလျှင် စပါး(၁၀) တင်း ကောက်ယူသည်။ မြို့သူကြီးကင်းကိုင်တို့ ကင်းတော်ပြီးလျှင် ကင်းတွင် ကျီနှင့်သွင်းထား၍ တောင်ငူမြို့ဝန်၊ အခွန်ဝန်စစ်ကဲ နာခံ၊စာရေးကြီးတို့ လာရောက်သည်ကို ဆီးကြိုကျွေးမွေးရသည်။ ကုန်သည်တို့ ကွမ်းသီးအချိန် (၁၀၀)လျှင် ငွေရွက်နီ ( ၂ ိ)၊ နွားတတင်လျှင် ခွန်မ ၁ မူး၊ ဖျင်တလိပ်လျှင် ၂ မတ်၊ ပုဆိုး၁ လိပ်လျှင် ခွန်မ ၊ သစ္စေးအချိန် (၁၀၀)လျှင် ိ၊ ပိုးအချိန် ၁၀ လျှင် ိ၊ ဆားငါးငပိ၊ ငရုတ်၊ ကြက်သွန်များမှာ အချိန် ၁၀၀ လျှင် ိ၊ဆီအချိန် (၁၀၀)လျှင် ိ၊ သင်္ဘောကုန်၊ အဝတ်အထည်မှာ ၁ ထည်လျှင် ၁ ထည်ထမ်း အခွန်တော်ကို တောင်ငူရုံးမှာ ဆက်သွင်းရသည်။

ကင်းသို့ အမိန့်တော် အမှာ မှတ်စာမပါသည့် ဆင်စွယ်၊ ဖယောင်း၊ ခဲယမ်းများနှင့် လာရောက်သူ သူခိုးဓားပြ၊ စစ်ပြေး စစ်ရှောင်တို့ ထွက်ပြေးလာရောက်သူများကို ဖမ်းဆီး၍ တောင်ငူရုံးသို့ ဆက်ပို့ရသည်။ ကင်းမှာ ကင်းရုံစကြော၊ ကင်းတိုင်ရွှေချ ဆောက်လုပ်စိုက်ထူ၍ မြို့သူကြီးကင်းကိုင်တို့ စောင့်နေစီရင် စစ်ကြောကောက်ခံသည်။ နယ်တွင်းနေ ကင်းစောင့်နေလူတို့ကို စစ်လက်နက်ကိုင် မင်းမှုမင်းခင်း မခန့်မထားရ၊ ကင်းတော်တွင်သာ လုံခြုံအောင်စောင့်နေရသည်။ ကျန်အခွန်အကောက်တရားကွမ်းဘိုး ကောက်စားရသည်များကို တောင်ငူရုံးတော်သို့ ဆက်ရကြောင်း ထွက်ဆိုသည်။

**ဆွာရွာ..။**

၁၁၄၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်နေ့တွင် ဆွာသူကြီး ငပန်းဆန် အသက်(၅၀)က အောက်ပါအတိုင်း ထွက်ဆိုသည်။ ဆွာသူကြီး ရိုးမပေါ်မရှိ၍ ဘုရားနောင်တော် ဆင်ဖြူရှင်လက်ထက်တော်တွင် ကျွန်တော်ပြုစုသည်။ ဆွာရွာနယ်သည်၊ အရှေ့ကို တတိုင်ကျော်ကွာ နတ်ရေတွင်းထိ ၊ တဘက် မြောင်းတူးမြေနှင့် ကြောခိုင်း၊ အရှေ့တောင်ကို ၃ တိုင်ကွာ ကွန်းအုံတောတန်းအထိ၊ တဘက်စည်ပင်မြေနှင့် ကြောခိုင်း၊ တောင်ကို ၂ တိုင်ကွာ တောင်ညိုတောင်၊ တောင်နီထိ၊ တဘက်ကဲလင်းမြေနှင့် ကြောခိုင်း၊ အနောက်တောင်ကို တတိုင်ကွာ စမိုးချောင်းထိ၊ တဘက်စည်ပင်မြေနှင့်ကြောခိုင်း အနောက်ကို ၃ တိုင်ကွာ ကုန်းခေါင် ရိုးမအထိ၊ တဘက်မြေထဲမြေနှင့် ကြောခိုင်း၊ အနောက်ကို ၃ တိုင်ကွာ ကုန်းခေါင်ရိုးမအထိ၊ တဘက် မြေထဲမြေနှင့် ကြောခိုင်း၊ အနောက်မြောက်ကို တာ(၃၀၀၀၀)ကွာ ကျောက်မဆင်ထိ၊ တဘက် ၅ ခရိုင် မြောင်းခွ မြေနှင့်ကြောခိုင်း၊ မြောက်ကို ၂ တိုင်ကွာ သင်္ကန်းကြိုးထိ၊ တဘက်သာဂရမြေနှင့်ကြောခိုင်း၊ အရှေ့မြောက်ကို ၁ တိုင်ကွာ လက်စွပ်ကျေး၊ အင်ထောင်နားထိ တဘက် မြောင်းတူးမြေနှင့်ကြောခိုင်း၊ ဤနယ် ၈ ရပ်အတွင်း လယ်လုပ်တောင်သူတို့မှာ ကျွဲတရှဉ်းလျှင် အခွန်စပါး ၁၀ တင်း၊ ကိုင်းခွန်ဓါးမတစင်းလျှင် ရွက်နီ ိ၂၊ သစ်ရင်းဓါးရင်းတကိုယ် ိ၂ ၊ တောင်ငူမြို့ ရုံးတော်သို့ ဆက်သွင်းရသည်။ တရားကွမ်းဘိုး အကောက်အစား စီရင်သည်များကို တောင်ငူရုံးတော်သို့ ဆက်သွင်းရသည်။ စစ်လက်နက်ကိုင် မင်းမှုမင်းခင်းပေါ်ရှိလျှင် တောင်ငူ ရုံးတော်က ခန့်ထားရာ ထမ်းရွက်ရသည်။

တောင်ငူသမိုင်းတွင် ဆွာချောင်းပေါ်ရှိ ကမ္ဘာ့မြင့်ရွာကို ပုဂံပြည်ရှင်နရပတိစည်သူမင်းကြီးက သမက်တော် ရန်မာန်ငထွေးကို ရွာစားပေးခဲ့သည်။ အနန္တသူရိယ ဘွဲ့ခံ ရန်မာန်ငထွေး၏သား မင်းလှစော၊မင်းလှစော၏ သား သဝန်လကျ်ာ လက်ထက်တွင် လူဦးရေများပြား လာသဖြင့် ဆွာချောင်းမြောက်ဘက်ကမ်းသို့ ပြောင်းရွှေ့ကာ ကြခတ်ဝါးရုံမြို့ကို တည်ထောင်သည်။ ထိုမြို့စည်ကားလာသည်ကို မွန်ဘုရင်က လာရောက်တိုက်ခိုက်ပြီး မြို့စားသဝန်လကျ်ာကို ခေါ်ဆောင်သွားသည်။ ပျူရွာတွင် အကျယ်ချုပ်ချထားသည်။ သဝန်လကျ်ာက သားတော်



ရွှေလက်လှစေတီတော်(ရန်အောင်မြင်မြို့ဟောင်း)။

သဝန်ကြီး သဝန်ငယ် ညီနောင်ကို ဤဒေသသည် ငါတို့၏ ဇာတိမြေမဟုတ်၊ လွတ်သာပါက ပေါင်းလောင်းမြစ်ကို ဆန်တက်ပြီး လက်ဝဲဘက်က ဆွာချောင်းသို့ဝင်ကာ တောင်အငူနေရာ ရွာဟောင်းမြေတွင် မြို့တည်ကြရန် မှာကြားသည့် ဖခင်ကွယ်လွန်ပြီးနောက် သဝန်ညီနောင်တို့ ထွက်ပြေးကြရာ ခပေါင်းချောင်းကို ဆွာချောင်းထင်ကာ ဝင်ခဲ့ကြသည်။ ပဲခူးရိုးမအနီးရောက်မှ တောင်အငူငယ် တစ်ခုကိုတွေ့သဖြင့် ဖခင်မှာခဲ့သော ရွာဟောင်းနေရာ အမှတ်ဖြင့် မြို့ကိုတည်ထောင်ကာ "တောင်ငူ" ဟု သမုတ်ခဲ့သည်။ ထိုနေရာမှာ အုတ်တွင်းမြို့နယ် သပြေကုန်းရွာအနီး အမြန်လမ်းမကြီး မိုင်တိုင် ၁၄၂/၆ ၏ အနောက်ဘက်တွင် တည်ရှိသည်။ ယခု တောင်ငူငယ်ဟု ခေါ်သည်။ ထိုနေရာ တွင် ၁ နှစ်ခန့်နေပြီး သက္ကရာဇ် ၆၄၁ ခုနှစ်က ဆုန်လတွင် ခပေါင်းချောင်း၏မြောက်ဘက် မင်းဝံ တောင်ကုန်းပေါ် သို့ ရွှေ့ပြောင်းကာ တောင်ငူကြီး (ဓညဝတီ)မြို့ကို တည်ထောင်သည်။ ဆွာသည် တောင်ငူမြို့ဖြစ်ပေါ်လာရန် အခြေခံဒေသဖြစ်ပါသည်။

**မြောင်းတူး..။**

မြောင်းတူးရွာသူကြီး ငသာအောင်က ထွက်ဆိုရာတွင် အရှေ့ကို ၈ တိုင်ခန့်အကွာ ကရင်တောင်ရိုးအထိ၊ တဘက်ဇင်းမယ်မြေနှင့်ကြောခိုင်း၊ အရှေ့တောင်ကို ၅ တိုင်ကျော်ခန့်ကွာ ကြိမ်နံ့သာချောင်းအထိ တဘက်ကွန်းအုံမြေနှင့်ကြောခိုင်း၊ အနောက်တောင်ကို ၂ တိုင်ကွာ ရွှေကစောင်း အင်းပိုင်း ခဝါသည်ဆိပ်အထိ တောင်ကို ၂ တိုင်ခန့်အကွာ မကျည်းရွှေမြတ်ကွန်းအထိ တဘက်ကွန်းအုံမြေနှင့်ကြောချင်း၊ အနောက်ကို ၃ တိုင်ကွာ တလိုင်းပွဲလူသွားလမ်းအထိ၊ တဘက်စိုင်မြို့မြေနှင့် ကြောခိုင်း၊ အနောက်မြောက်ကို ၃ တိုင်ကျော်ကွာ ကျောက်အင်္ဂတေတုံးအထိ၊ တဘက်အောင်သာ မြို့မြေနှင့် ကြောခိုင်း၊ မြောက်ကို ၂ တိုင်ကွာ ကျောက်စရစ် အင်တိုင်း ပန်းပုချောင်းအထိ၊ တဘက်အောင်သာမြို့မြေနှင့်ကြောခိုင်း၊ အရှေ့မြောက်ကို ၄ တိုင်ခန့်ကွာ ဖွဲ့ဖျင်တိုင်မျှောအထိ၊ တဘက်တောင်ဝင်းမြေနှင့် ကြောခိုင်း နယ် ၈ ရပ်ကွက်အတွင်း သိန်လမိုင်အင်း၊ စမိုးမဲအင်း အင်း ၂ အင်းမှာ အင်းသူကြီးတို့ကို အခွန်မခံရ၊ လုပ်သူလုပ်သား တကိုယ်လျှင် ငွေရွက်နီ ိ၂ လယ်လုပ်သူကျွဲတရှဉ်းလျှင် အခွန်စပါး ၁၀ တင်း တောင်ငူရုံးတော်သို့ သွင်းရကြောင်း ထွက်ဆိုသည်။

"တောင်ငူသမိုင်းတွင် ဆွာချောင်းပေါ်ရှိ ကမ္ဘာ့မြင့်ရွာကို ပုဂံပြည်ရှင် နရပတိစည်သူမင်းကြီးက သမက်တော် ရန်မာန်ငထွေးကို ရွာစားပေးခဲ့သည်။ အနန္တသူရိယ ဘွဲ့ခံ ရန်မာန်ငထွေး၏သား မင်းလှစော၊ မင်းလှစော၏ သား သဝန်လကျ်ာ လက်ထက်တွင် လူဦးရေများပြားလာသဖြင့် ဆွာချောင်းမြောက်ဘက်ကမ်းသို့ ပြောင်းရွှေ့ကာ ကြခတ်ဝါးရုံမြို့ကို တည်ထောင်သည်"

# Covid-19 Economic Relief Plan (CERP) တွင် ပါရှိသော လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်မည့်အစီအစဉ် Action Plan နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

Covid-19 Economic Relief Plan (CERP) တွင် ပါရှိသော လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်မည့်အစီအစဉ် Action Plan နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်ဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ အသေးစားကုန်ထုတ်လုပ်မှုကဏ္ဍများပါဝင်သည့် ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် အစီအမံများကိုလည်း ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDP) များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးအား Video Conference ဖြင့် ပြုလုပ်

**နေပြည်တော် ဇွန် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌ၊ သိက္ခာတော်ရဆရာတော် ခလမ်ဆမ်ဆွန်အဖွဲ့တို့နှင့် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDP )များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Video Conference ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDP) များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ် မေ ၈ ရက်တွင် ဖွဲ့စည်းကာ ကချင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းရေးအတွက် ကချင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC) နှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစားပေးပိတ်သိမ်းရမည့်စခန်းများ ရွေးချယ်ခြင်း၊ ပြန်လည်နေရာချထားမည့်နေရာများရွေးချယ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစီမံချက် ရေးဆွဲပြီးဖြစ်ကြောင်း၊ နေရပ်စွန့်ခွာရသူ (IDP) များအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးနှင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ၏ ဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များတွင်လည်း ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ပေးရန် ပါဝင်ကြောင်း၊ The Nippon Foundation ၏ ကူညီထောက်ပံ့မှုဖြင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) က IDP စခန်းများမှ မိသားစုများ နေရပ်ပြန်ရေး၊ ပြန်လည်နေရာချထားရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် NRPC ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသမီးများအတွက် Vocational Training များ ရရှိရေး ပိုမိုအလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အမျိုးသမီးအရေး တက်ကြွစွာလှုပ်ရှားလျက်ရှိသော အမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့ ပါဝင်ကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့်တွင် အမျိုးသမီးကော်မတီများ ဖွဲ့စည်းထားရှိရာ ကချင်ပြည်နယ် အမျိုးသမီးကော်မတီတွင်လည်း ထိုအမျိုးသမီးအဖွဲ့အစည်းများ ပါဝင်လျက်ရှိသဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့ရသော အခက်အခဲများကို ပြည်ထောင်စုအစိုးရ၊ ကချင်ပြည်နယ်အစိုးရ၊ ကချင် နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၊ ကချင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက အချင်းချင်း ယုံကြည်မှုတည်ဆောက်၍ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) က ဂျပန်အစိုးရနှင့် The Nippon Foundation မှ လှူဒါန်းသော အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် IDP မိသားစု ၅၀၀ မှ အိမ်ထောင်စု ၁၈၃ စုကို ရွှေ့ပြောင်းနေရပ်ပြန်ရေး၊ စံပြပြန်လည်နေရာချထားရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ လှူဒါန်းငွေများနှင့် စပ်လျဉ်း၍ စီမံကိန်းသဘောတူညီချက်တွင် ချုပ်ဆိုထားသည့်အတိုင်း လုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစိုးရ၏ ပူးပေါင်းပံ့ပိုးကူညီမှုများ လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးရာတွင် ရွှေ့ပြောင်းပြန်လည်နေရာချထားရေး အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များ၊ ကနဦးစားနပ်ရိက္ခာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များကို အစိုးရက ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကချင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC) နှင့်လည်း ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရသူများ IDP စခန်းများ ပိတ်သိမ်းရေးနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ရေပေးဝေရေးလုပ်ငန်းများအား ကျောက်ဖြူမြို့နယ်တွင် ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ ဇွန် ၁၁**

ကျောက်ဖြူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ကြည်၊ ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကျောက်ဖြူမြို့နယ်အတွင်းရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ ကျောက်ဖြူခရိုင် ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေကြသော ကျေးလက်ရေရရှိရေးလုပ်ငန်းနှင့် ပတ်သက်ပြီး လုပ်ငန်းများကို သတ်မှတ်အရည်အသွေးပြည့်မီစွာ လုပ်ဆောင်ကြရန်နှင့် သတ်မှတ်ချိန်ပြီးစီးနိုင်ရေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**



# အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ အကျိုးခံစားခွင့်ပေးအပ်

**ကျိုက်ထို ဇွန် ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူပြီး ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခွင့်ရရှိခဲ့သည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ယမန်နေ့က ကျိုက်ထိုမြို့နယ် လူမှုဖူလုံရေးရုံး၌ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ကျိုက်ထိုမြို့နယ် လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဦးနိုင်ခင်စိုးက အလုပ်ဌာနခြောက်ခုရှိ အာမခံအလုပ်သမား ၈၂ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၂၅ သိန်း ၆ သောင်းကျော်ကို သက်ဆိုင်ရာအလုပ်ဌာနများမှ တာဝန်ခံများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျိုက်ထို (ပြန်/ဆက်)**

# NCA သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAO)၏ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ (NCA–S EAO) ရုံးတွင် ကျင်းပခဲ့သည်။**




သတင်းစာရှင်းလင်းပွဲတွင် NCA–S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက EAO အဖွဲ့များဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေကို သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဦးမျိုးဝင်းက "အခုကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ပြီး ဦးတည်ကြိုးပမ်းနေတာကတော့ ၂၀၂၀ ရွေးကောက်ပွဲမတိုင်ခင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကျင်းပနိုင်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ညီလာခံ ဒုတိယအစည်းအဝေးနဲ့ တတိယအစည်းဝေးမှာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၁ နဲ့ ၂ ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အခု စတုတ္ထညီလာခံမှာလည်း ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ကို ချုပ်ဆိုနိုင်ဖို့ ကြိုးစားသွားမှာပါ။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း–၃ကို ဘယ်လိုပုံစံမျိုး ချုပ်ဆိုမလဲဆိုတာကိုလည်း ပြီးခဲ့တဲ့ (၈) ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး အခုချုပ်ဆိုနိုင်ဖို့အတွက် ပြင်ဆင်နေတာဖြစ်ပါတယ်" ဟု ပြောသည်။

(၈) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ဇန်နဝါရီ ၈ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း–၃ ကို အပိုင်းသုံးပိုင်းဖြင့် ချုပ်ဆိုသွားရန် သဘောတူညီခဲ့ကြသည်။

NCA–S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက "ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း–၃ကို ချုပ်ဆိုရာမှာ အပိုင်းသုံးပိုင်းနဲ့ ချုပ်ဆိုသွားဖို့ JICM မှာ သဘောတူထားပါတယ်။ အဲဒီမှာ အပိုင်း(၁)အနေနဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်၊ အပိုင်း(၂)က ၂၀၂၀ အလွန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် အဆင့်လိုက်လုပ်ငန်းစဉ်တွေကို အဆင့်လိုက် အကောင်အထည်ဖော်ဖို့နဲ့ အပိုင်း(၃)က အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုအခြေခံမူနဲ့ ပုံဖော်သွားမလဲဆိုတာကို လမ်းညွှန်ချမှတ်နိုင်ဖို့အတွက် ရည်ရွယ်ပြီး နှစ်ဖက်အလုပ်အဖွဲ့တွေ ဆွေးနွေးနေပါတယ်။ ၂၀၂၀ ပထမလေးလပတ်အတွင်းမှာပဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအစည်းအဝေး ကျင်းပနိုင်ဖို့ သဘောတူချမှတ်ခဲ့ပေမယ့် မထင်မှတ်ဘဲ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ကိုဗစ်–၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသလို ညှိနှိုင်းဆွေးနွေးပွဲတွေကိုလည်း ရွှေ့ဆိုင်းခဲ့ရပါတယ်" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေးအတွက် အစိုးရနှင့် NCA–S EAO နှစ်ဖက်ကိုယ်စားလှယ် အလုပ်အဖွဲ့များသည် လာမည့် ဇွန် ၂၃၊ ၂၄၊ ၂၅ ရက်များတွင် အစည်းအဝေးများ ကျင်းပသွားမည် ဖြစ်သည်။

"အခုလာမယ့် ဇွန်လ ၂၃၊ ၂၄၊ ၂၅ ရက်တွေမှာ အစိုးရအလုပ်အဖွဲ့နဲ့ ကျွန်တော်တို့ EAO အလုပ်အဖွဲ့အစည်းအဝေးကျင်းပဖို့ နှစ်ဖက်သဘောတူထားပါတယ်။ အရင်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပပြီဆိုရင် နိုင်ငံရေးအရ အဆင်သင့်ဖြစ်မှုအပေါ်မှာ မူတည်ပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ၊ လူထုတွေ့ဆုံပွဲတွေရှိမယ်။ နောက် UPDJC က ဖွဲ့စည်းပေးထားတဲ့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီရှိတယ်။ အဲဒီလိုအဆင့်ဆင့်လုပ်ပြီးမှ နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့ကာလမှာ အဲဒီလို နိုင်ငံရေးဆွေးနွေးပွဲ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပဖို့ဆိုတာ တော်တော်လေး အခက်အခဲရှိပါတယ်။ ပါဝင်မှုကို ကျယ်ကျယ်ပြန့်ပြန့်ရှိဖို့ အရင်ကလို အခြေအနေမပေးတော့ဘူး။ အစိုးရနဲ့ကျွန်တော်တို့ ညှိနှိုင်းထားတာက ညီလာခံကို ပုံသဏ္ဌာန်ပြောင်းပြီး ကျင်းပရမယ်။ အစိတ်အပိုင်းသုံးပိုင်း ပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း–၃ ကိုချုပ်ဆိုနိုင်ဖို့ ပုံစံချမှတ်ပြီးပြီဆိုရင် JICM ကို ကျွန်တော်တို့ တင်ပြရမှာဖြစ်ပါတယ်။ JICM ကိုတင်ပြပြီးရင် UPDJC ဆုံးဖြတ်ချက်နဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း–၃ ကို ချုပ်ဆိုနိုင်မယ့် ညီလာခံကို ကျင်းပဖို့ ရည်ရွယ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် မီဒီယာကနေတစ်ဆင့် လက်ရှိလုပ်ငန်းစဉ်အခြေအနေကို တင်ပြတာပါ" ဟု ပြောသည်။

အစိုးရဘက်မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဇူလိုင်လအတွင်း ကျင်းပနိုင်ရန် အဆိုပြုထားသော်လည်း NCA–S EAO ဘက်က ဩဂုတ်လတွင် ကျင်းပရန် ပြန်လည်အဆိုပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးမျိုးဝင်းက "အခုဆိုရင် အားလုံးသိတဲ့အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ နိုဝင်ဘာမှာ ကျင်းပမယ့် ရွေးကောက်ပွဲမတိုင်ခင် ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အစိုးရဘက်က ညီလာခံကို ဇူလိုင်လမှာ ကျင်းပနိုင်ဖို့ အဆိုပြုထားတယ်။ အစိုးရရဲ့ အဆိုပြုချက်ကို EAO ဘက်က ပြန်လည်အဆိုပြုဖို့ ပြင်ဆင်နေတာကတော့ ဩဂုတ်လအတွင်း ကျင်းပနိုင်ဖို့ပါ။ နောက်ထပ် အလွတ်သဘောအနေနဲ့ နှစ်ဖက်ညှိနှိုင်းထားတာကတော့ ကိုဗစ်–၁၉ ရောဂါအခြေအနေကြောင့် ညီလာခံကိုယ်စားလှယ်အချိုးအစားကို လျှော့ချဖို့ပါ။ အခုလွှတ်တော်အစည်းအဝေးကျင်းပသလို စနစ်တကျနဲ့ပါ။ အရင်က ညီလာခံကျင်းပရင် လူဦးရေထောင်ဂဏန်းအထိရှိပေမယ့် အခုတော့ တက်ရောက်မယ့် လူဦးရေရဲ့ သုံးပုံနှစ်ပုံလောက်အထိ လျှော့ချဖို့ ပြင်ဆင်ထားတာရှိတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပါဝင်မှုနဲ့အညီ ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ ဒီလိုမျိုး ရည်ရွယ်ထားပါတယ်" ဟု သတင်းမီဒီယာများအား ဖြေကြားခဲ့သည်။

**သတင်း..ရဲခေါင်ညွန့်၊ ဓာတ်ပုံ..ဖိုးထောင်**

## ၂၀၁၉- ၂၀၂၀ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၆ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၁ ဒသမ ၉၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၈ ဒသမ ၁၃သန်းဖြစ်သည်။

ပုံမှန်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၂ ဒသမ ၄၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိ ကန်ဒေါ်လာ ၁၅၃ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၅ ဒသမ ၇၃ သန်း ဖြစ်သည်။

သို့ဖြစ်၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၀၃ ဒသမ ၈၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၄၀ သန်း ဖြစ်ပေါ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၄၉ ဒသမ ၁၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၉၆ ဒသမ ၃၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၄၅ ဒသမ ၅၄ သန်း ဖြစ်သည်။

ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၁၂၅ ဒသမ ၈၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၈၁ ဒသမ ၀၆ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၀၆ ဒသမ ၈၈ သန်းဖြစ်သည်။

သို့ဖြစ်၍ ၂၀၁၉– ၂၀၂၀ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၂၂၆၅၂ ဒသမ ၄၂ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆၁ ဒသမ ၃၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

စိစစ်ရေးနှင့် (၂၁)ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၃၅၃၄ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ ၁၈–၆–၂၀၂၀ ရက်နေ့တွင်လည်း စင်ကာပူနိုင်ငံနှင့် အခြားနိုင်ငံ တချို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စင်ကာပူနိုင်ငံ၊ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အဌမကြိမ်မြောက် ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့နယ် နေကြာစိုက်ခင်းများ စာကလေးအုပ်နှင့် ကြက်တူရွေးများကျရောက် စားသောက်ခြင်းကြောင့် တောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရ

**ညောင်ဦး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် နေကြာစိုက်ပျိုးကြသည့် လက်ပံခြေပေါ်အုပ်စု၊ အထက်ညဥ့်အုပ်စု၊ သူကောင်းတည်ကျေးရွာအုပ်စုရှိ နေကြာစိုက်ကျေးရွာများမှ တောင်သူများ နေကြာခင်းများတွင် စာကလေးအုပ်များနှင့်ကြက်တူရွေးများဝင်ရောက်စားသောက်မှုများကြောင့် နေကြာပွင့်ခူးဆွတ်ချိန် အစေ့မပါတော့ခြင်းကြောင့် အရှုံးနှင့် ရင်ဆိုင်နေရကြောင်း အထက်ညဥ့်ကျေးရွာမှ နေကြာစိုက်တောင်သူ ဦးဟန်သောင်းက ပြောသည်။

ညောင်ဦးမြို့နယ်နေကြာကြဲပက်စိုက်ပျိုးကြစဉ် အချိန်က ဆီနေကြာစပ်မျိုးတစ်ထုပ် ငွေကျပ် ၁၅၀၀၀ ပေးဝယ်စိုက်ပျိုးခဲ့ရကြောင်း၊ နေကြာပင်များ အောင်မြင်ဖြစ်ထွန်းစအချိန်တွင် ပေါင်းနုတ်သမတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ပေါင်းသင်ရှင်းလင်းခဲ့ရပြီး နေကြာများ စတင်ပွင့်ချိန်ထိ အထွက်နှုန်း ကောင်းမည်ဟု မျှော်လင့်ထားခဲ့သော်လည်း နေကြာခင်းများ နေကြာစေ့အဆံ စတင်ထည့်ချိန်မှ စာကလေးအုပ်များ စတင် ကျရောက်ခဲ့ကြောင်း၊ စာခြောက်ရုပ်များပြုလုပ် ခြောက်လှန့်သော်လည်းမရကြောင်း၊ နေကြာများ တဖြည်းဖြည်းရင့်လာချိန် စာကလေးအုပ်များနှင့် ကြက်တူရွေးများပါ နေကြာခင်းများသို့ လာရောက်စားသောက်ကြခြင်းများကြောင့် နေကြာခူးဆွတ်ချိန် နေကြာပွင့်ကြီးများ အစေ့များမပါတော့ဘဲ အပွင့်သေးပြီး ငုံနေသည့်(မပွင့်)နေရာပွင့်သေးများသာ အစေ့အနည်းငယ်ပါရှိတော့၍ ရသလောက် ခူးဆွတ်နေရကြောင်း သိရသည်။

**မောင်မောင်ထိန်**

**(ကျောက်ပန်းတောင်း)**

# "ဥာပနာဖောက်ခံရတဲ့ ဘုရား ၁၀ ဆူထဲက ငါးဆူက လောလောလတ်လတ် အဖောက်ခံထားရတဲ့ အနေအထားဖြစ်ပြီး ကျန်တဲ့ ငါးဆူက လအတော်ကြာကြာကတည်းက ဖောက်ခံထားရတဲ့ အခြေအနေမျိုး တွေ့ရတယ်"

**ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်**

သတင်းအင်တာဗျူး- မျိုးမင်းနိုင်၊ ဓာတ်ပုံ- မျိုးမြင့် (သတင်းစဉ်)

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီတော် ၁၀ ဆူ ဥာပနာတော် ဖောက်ထွင်းခံထားရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က အတည်ပြုပြောကြားသည်။**

"ဥာပနာဖောက်ခံရတဲ့ ဘုရား ၁၀ ဆူထဲက ငါးဆူက လောလောလတ်လတ် အဖောက်ခံထားရတဲ့ အနေအထားဖြစ်ပြီး ကျန်တဲ့ ငါးဆူက လအတော်ကြာကြာကတည်းက ဖောက်ခံထားရတဲ့ အခြေအနေမျိုး တွေ့ရတယ်။ ဥာပနာတော်တိုက်ထဲမှာ ငှက်သိုက်တွေ လုပ်ထားတာတွေ့တဲ့ ဘုရားတွေက လောလောလတ်လတ် ဖောက်ခံထားရတာ မဟုတ်ဘူးလို့ ယူဆပါတယ်။ ဥာပနာတော်အပေါက်တွေနဲ့တွေ့ရတဲ့ အခြားစေတီတော် ၂၃ ဆူက ၁၉၉၀ ခုနှစ်ကနေ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ပြန်လည်တည်ထားတဲ့ စေတီအသစ်တွေဖြစ်တဲ့အတွက် မူလတည်ထားစဉ်ကတည်းက ဥာပနာပိတ်သွင်းမယ်ဆိုပြီး ဥာပနာပေါက်တွေ ဖောက်ထားခဲ့တာ ဖြစ်ပါတယ်။ ဥာပနာပိတ်သွင်းတဲ့လုပ်ငန်းကို မူလကတည်းက မလုပ်ခဲ့ရသေးတာပါ" ဟု ဒေါက်တာသန်းထိုက်က ပြောသည်။

## လုံခြုံရေးတိုးမြှင့်

"ပုဂံက ပြီးခဲ့တဲ့ မတ်လကတည်းက ပြည်တွင်း ပြည်ပ ခရီးသွားဝင်ရောက်မှုက မရှိတော့ဘူး။ ညမထွက်ရအမိန့်တွေလည်း ရှိတယ်။ ညမထွက်ရအမိန့်ကို ဖြေလျှော့တာက ရက်ပိုင်းလောက်ပဲ ရှိသေးတယ်။ ဒီကြားကာလအတွင်း ဥာပနာဖောက်ခံရတာ ဖြစ်နိုင်တယ်။ လက်ရှိအချိန်မှာ ဥာပနာဖောက်ခံရတာနဲ့ပတ်သက်ပြီး ဌာနဆိုင်ရာဝန်ထမ်းတွေ၊ နယ်မြေအလိုက် တာဝန်ထမ်းဆောင်နေကြတဲ့ ထိန်းသိမ်းရေးအဖွဲ့တွေရယ်၊ ပုဂံဧည့်လမ်းညွှန်အသင်းရယ်၊ နယ်မြေခံရဲတပ်ဖွဲ့တွေ၊ မီးသတ်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုံခြုံရေးတိုးမြှင့် ဆောင်ရွက်နေပါတယ်။

"ကျွန်တော်တို့ဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းက ဘုရားစေတီပုထိုးတွေကို စောင့်ကြပ်ကြည့်ရှုပေးတာ ၂၄ ဦး ရှိပါတယ်။ အဆောက်အအုံကို ထိန်းသိမ်းတဲ့ အင်ဂျင်နီယာရှိသလို၊ ဂူဘုရားတွေထဲမှာရှိတဲ့ နံရံပန်းချီကို ထိန်းသိမ်းတဲ့ ထိန်းသိမ်းရေးအဖွဲ့တွေလည်း ရှိပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသမှာ ဇုန်နယ်မြေတွေကို ၁၂ ခုပိုင်းခြားထားတယ်။ အဲဒီဇုန်နယ်မြေတွေမှာ ထိန်းသိမ်းရေးအဖွဲ့တွေ၊ အဆောက်အအုံထိန်းသိမ်းရေးအဖွဲ့တွေ၊ နံရံပန်းချီထိန်းသိမ်းရေးအဖွဲ့တွေ၊ လုံခြုံရေးအဖွဲ့တွေ စုစုပေါင်း ဝန်ထမ်းဦးရေ ၆၀ ဝန်းကျင်ရှိတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုကာလ၌ ဝန်ထမ်းအင်အားအပြင် ပုဂံညောင်ဦးဧည့်လမ်းညွှန်အသင်းမှ အသင်းသား ၁၀၀ ကျော်တို့၏ ပူးပေါင်းကူညီမှုဖြင့် ဇုန်နယ်မြေအလိုက် ကင်းလှည့်ခြင်းလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## အမှုဖွင့်ထား

"အခုလို ဥာပနာဖောက်ခံရတာတွေ ရှိတဲ့အတွက် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ဇုန်နယ်မြေအလိုက် နေ့၊ ည လုံခြုံရေးအတွက် ကင်းလှည့်လည်တာတွေကို ယခင်ထက် တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ဥာပနာဖောက်ခံရတာနဲ့ ပတ်သက်ပြီး ပုဂံရဲစခန်းမှာ အမှုဖွင့်ထားပြီးပါပြီ။ ရဲတပ်ဖွဲ့ကလည်း စုံစမ်းစစ်ဆေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။

ဘုရားများ ဥာပနာအဖောက်ခံရခြင်းကို စတင်တွေ့ရှိခဲ့သော ကင်းလှည့်အဖွဲ့တွင် ပါဝင်ခဲ့သူ ပုဂံ - ညောင်ဦး ဧည့်လမ်းညွှန်အသင်း ဥက္ကဋ္ဌ ဦးသန်းငွေးက "ကိုဗစ်-၁၉ ကာလမှာ ခရီးသွားဧည့်သည် လာရောက်မှုမရှိတဲ့အတွက် လုပ်ငန်းအားလပ်နေချိန်မှာ ကျွန်တော်တို့အနေနဲ့ ပုဂံဒေသမှာ ဘာလုပ်ပေးနိုင်မလဲဆိုတာ စဉ်းစားဖြစ်တယ်။ ဒီလိုစဉ်းစားပြီး ပုဂံမှာရှိတဲ့ ဘုရားတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ ဆုံးရှုံးမှုမရှိစေဖို့ သက်ဆိုင်ရာဌာနတွေကို တင်ပြပြီး အဖွဲ့လေးဖွဲ့ ဖွဲ့ဖြစ်တယ်။ ကျွန်တော်တို့အဖွဲ့က ပုဂံဘုရားတွေ လုံခြုံမှုရှိစေရေးကို ကင်းလှည့်တယ်။

## အဖွဲ့ သုံးဖွဲ့ ခွဲပြီး ကင်းလှည့်

"တချို့က မိသားစုကိစ္စတွေနဲ့ အလုပ်တွေရှိလို့ ညတော့ ကင်းမလှည့်နိုင်ဘူး။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တစ်ရက်ကို လူ ၂၀ လောက်နဲ့ အဖွဲ့ သုံးဖွဲ့ ခွဲပြီး ကင်းလှည့်ပါတယ်။ ကင်းလှည့်ချိန်မှာ တွေ့ရှိရတဲ့ နံရံပန်းချီ၊ အင်္ဂတေ စတဲ့ပျက်စီးမှုတွေကို ရှေးဟောင်းသုတေသနဌာနနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို နှစ်ပတ် တစ်ကြိမ် တင်ပြပါတယ်။ လုံခြုံရေးအတွက် ကင်းလှည့်ရင်းနဲ့ ၁၉၇၅ ခုနှစ်နောက်ပိုင်း တည်ထားတဲ့ ဘုရားတွေအပေါ်ဘက်မှာ အပေါက်လေးတွေကို သတိထားမိတယ်။ ဒီလိုပုံစံမျိုး ဘုရား ၄၊ ၅ ဆူမှာ တွေ့တဲ့အခါ မသင်္ကာလို့ ရှေးဟောင်းသုတေသနဌာနကို အကြောင်းကြားတယ်။ ရှေးဟောင်းသုတေသနဌာနက တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုတဲ့အခါမှာ လောလောလတ်လတ် ဖောက်ထားတဲ့ အပေါက်တွေကို တွေ့ရှိပြီး သေချာစစ်ဆေးတဲ့အခါ ဥာပနာဖောက်ခံထားရတာ ဖြစ်နေတယ်" ဟု ပြောသည်။

ဥာပနာဖောက်ခံရသည့် စေတီတော်များသည် လူသူအရောက်နည်းသော နေရာများတွင် ရှိသည့်အတွက် ၎င်းတို့အဖွဲ့အနေဖြင့် အခြားလူသူအရောက်နည်းသော နေရာများရှိ ဘုရားများကို လိုက်လံစစ်ဆေးခဲ့ရာမှ ဥာပနာဖောက်ခံရသည့် ဘုရားများကို ထပ်မံတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"ရှေးဟောင်းသုတေသနဌာနရဲ့ ထုတ်ပြန်ချက်မှာ ၃၃ ဆူ တွေ့ရတယ်လို့ ပါတယ်။ အခုနောက်ထပ်တွေ့တာနဲ့ဆိုရင် အားလုံး အဆူ ၄၀ လောက်ရှိမယ်။ အဖောက်ခံရတဲ့ ဘုရားတွေမှာ တန်ဖိုးရှိတဲ့ပစ္စည်းတွေကိုပဲ ရွေးပြီး ယူသွားတယ်။ အလှူရှင်ကမ္ပည်းစာနဲ့ ဘုရားဆင်းတုတော်တွေကို ထားခဲ့တယ်။ တချို့ အဖောက်ခံထားရတဲ့ ဘုရားတွေမှာ ကျောက်စိမ်းလက်ကောက်၊ ကျောက်အသေးတွေ ကောက်ရိုးမျှင်တွေကြားမှာ ကျန်ခဲ့တာ တွေ့ရတယ်။

"ကိုဗစ်-၁၉ ကာလမှာ ပုဂံကို ဘုရားဖူးတွေလည်း မလာဘူးဆိုတော့ လူသိပ်မရှိဘူး။ လှည့်ကင်းတွေ မလှည့်တဲ့အချိန်မှာ ဥာပနာဖောက်တာဖြစ်နိုင်တယ်။ တချို့ဘုရားတွေ တည်တဲ့အခါမှာ ဥာပနာမထည့်တဲ့ ဘုရားတွေလည်း ရှိပါတယ်။ ဘုရားမှာ ဥာပနာထည့်ဖို့ အဆင်မပြေတဲ့အတွက် အပေါက်အတိုင်း ထားခဲ့တာတွေလည်း ရှိတယ်။ ဥာပနာဖောက်ခံရတဲ့ ဘုရားတွေမှာ ကျန်နေခဲ့တဲ့ ဘုရားဆင်းတုတွေ၊ လက်ကောက်တွေ၊ ကျောက်တွေ၊ လက်စွပ်တွေ တွေ့ပါတယ်။ ဒါတွေကို ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းထားပါတယ်" ဟု ပုဂံညောင်ဦး ဧည့်လမ်းညွှန်အသင်း ဥက္ကဋ္ဌ ဦးသန်းငွေးက ဆက်လက်ပြောသည်။

## အစောင့်ဝန်ထမ်း များများလိုအပ်

ဆက်လက်၍ ဦးသန်းငွေးက "ပုဂံမှာ နေထိုင်သူတစ်ဦးအနေနဲ့ အကြံပြုချင်တာကတော့ အစောင့်ဝန်ထမ်း များများလိုအပ်တယ်။ ပုဂံဒေသကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေဆီကရတဲ့ ဝင်ကြေးထဲကဖြစ်ဖြစ်ပေါ့။ နံရံပန်းချီကောင်းတဲ့၊ အင်္ဂတေပန်းတွေ၊ အမှန်တကယ်အရေးကြီးတဲ့ ဘုရားတွေမှာ နေ့၊ ည လုံခြုံရေးတွေ ဆောင်ရွက်ပေးစေချင်ပါတယ်။ ဘုရားတွေ ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီများ လုံခြုံရေးနှင့် ပတ်သက်၍ အကြံပြုပြောကြားသည်။


ဇွန် ၉ ရက် နံနက်ပိုင်းက လောကထိပ်ပန်ဘုရား ဝါးယင်းလိပ် မီးလောင်မှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းထိုက်က "လောကထိပ်ပန်ဘုရားက ပုဂံမှာရှိတဲ့ ဘုရားတွေထဲမှာ နံရံပန်းချီ အင်မတန်ကောင်းတဲ့ ဘုရားတစ်ဆူဖြစ်တယ်။ ကျွန်တော်တို့ဌာနက ဘုရားဥမင်ထဲမှာရှိတဲ့ ရှားပါးနံရံ ပန်းချီလက်ရာတွေကို ပျက်စီးမှုမရှိအောင် သံပန်းတံခါး တပ်ထားတယ်။ သံပန်းတံခါးရဲ့ အတွင်းဘက်မှာဆိုရင် သံဆန်ခါကပ်ထားတယ်။ အတွင်းထဲမှာရှိတဲ့ နံရံပန်းချီက တန်ဖိုးရှိတော့ ပိုးကောင်၊ လင်းနို့နဲ့ ငှက်တွေ အထဲဝင်ပြီး အသိုက်လုပ်လို့ မရအောင်နဲ့ ပျက်စီးမှုမရှိအောင် ပညာရှင်အဖွဲ့တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ကာထားတာဖြစ်တယ်။ အခုမီးလောင်မှုမှာ သတင်းပေးပို့မှုကြောင့် ချက်ချင်းသွားရောက်ခဲ့ပြီး မီးစလောင်တဲ့ အနေအထားမှာပဲ ငြိမ်းသတ်နိုင်ခဲ့တယ်။ နယ်မြေခံရဲတွေအနေနဲ့ မီးရှို့သူတွေကို ဖမ်းဆီးနိုင်ရေး လိုက်လံစုံစမ်းနေပါတယ်" ဟု ပြောသည်။


## ပြန်လည်သုံးသပ်ဆောင်ရွက်နေ

ယခုဖြစ်စဉ်များနှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက "ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေက ဧရိယာစတုရန်းမိုင် ၂၅ မိုင်ခန့် ကျယ်ဝန်းပါတယ်။ အခုအချိန်မှာ လုံခြုံရေးကို ဂရုစိုက်ဆောင်ရွက်နေတယ်။ ဒါပေမယ့် လုံခြုံရေးဆိုတာ တစ်နေရာမဟုတ် တစ်နေရာ ကျိုးပေါက်နိုင်တယ်။ ဒီလိုကိစ္စမျိုး ထပ်မဖြစ်အောင် ပြန်လည်သုံးသပ် ဆောင်ရွက်နေပါတယ်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသက ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် တင်သွင်းတဲ့အခါကလည်း အခက်အခဲတွေ ရှိခဲ့ပါတယ်။ မီးရှို့တာက တမင်ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။

"လုံခြုံရေးအင်အား တစ်ရာကျော်နဲ့ ပုဂံဒေသမှာရှိတဲ့ စေတီပုထိုးပေါင်း သုံးထောင်ရှစ်ရာကျော်ကို လွှမ်းခြုံပြီး လုံခြုံရေးဆောင်ရွက်ရတာ မလွယ်ကူပါဘူး။ ဒါကြောင့် လုံခြုံရေးဆောင်ရွက်တဲ့အခါ ဝန်ကြီးဌာနက ဝန်ထမ်းတွေအပြင် ပြည်သူတွေ ပါဝင်လာအောင် ဘယ်လိုဆက်လက်ဆောင်ရွက်ရမလဲဆိုတာ အစီအမံတွေ ဆောင်ရွက်နေပါတယ်" ဟု ဇွန် ၁၀ ရက်က ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိန်းသိမ်းစုဆောင်းထားသည့် ဘုရားစေတီများအနေဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဇုန်၌ ၃၈၂၂ ဆူနှင့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း တန့်ကြည့်တောင်ဘက်၌ ၁၅ ဆူရှိပြီး စုစုပေါင်း ၃၈၃၇ ဆူရှိကြောင်း သိရသည်။





ဖောက်ထွင်းခံရသည့် ဥာပနာတိုက်အတွင်း၌ ကျန်ရှိခဲ့သော အလှူရှင်ကမ္ပည်းစာနှင့် ဘုရားဆင်းတုတော်များကို တွေ့ရစဉ်။



ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်



ဧည့်လမ်းညွှန်အသင်း ဥက္ကဋ္ဌ ဦးသန်းငွေး

# ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများ ဇွန်လကုန်တွင် အပြီးသတ်နိုင်မည်


**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် မတ်လက စတင်ဆောင်ရွက်ခဲ့ရာ ဇွန်လကုန်တွင် လုပ်ငန်းများအပြီးသတ်နိုင်မည်ဖြစ်ကြောင်း ရင်ပြင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်မှ သိရသည်။

ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများအနေဖြင့် မြေဖို့ပြုပြင်ခြင်း၊ ကွန်ကရစ်ကြမ်းခင်းလောင်းခြင်း၊ ခြံစည်းရိုးများ ကာရံခြင်း၊ သံပန်းနှင့် မီးများ တပ်ဆင်ခြင်း၊ ရေနုတ်မြောင်းနှင့် လျှောက်လမ်းကွေ့များ တည်ဆောက်ခြင်း၊ ခေတ်မီကြွေပြားတပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအောက်ခံခုံ ပြုပြင်ခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

ရင်ပြင်ကို ပြန်လည်ပြုပြင်ရာတွင် ယခင်က မြေနိမ့်ပိုင်းဖြစ်ခဲ့သည့်အတွက် မြေဖို့ခြင်း၊ ကွန်ကရစ်ခင်းခြင်းဖြင့် မြေသားတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ခဲ့ရကြောင်း ဆောက်လုပ်ရေးလုပ်သားများထံက သိရသည်။

ယခုအခါ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်မှာ မူလထက် လေးဆခန့် ပိုမိုကျယ်ဝန်းလာပြီး သပ်ရပ်သော ခြံစည်းရိုး၊ ညီညာသော မြက်ခင်းပြင်တို့ဖြင့် အမြင်တင့်တယ်လျက်ရှိသည်ကို တွေ့ရသည်။ နှစ်ကာလကြာမြင့်၍ ကြေးရောင်မှေးမှိန်လျက်ရှိသော ဗိုလ်ချုပ်ကြေးရုပ်ကို ကြေးချေးချွတ်ဆေးဖြင့် ပွတ်တိုက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်နေရာသည် နှစ်စဉ် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရာတွင် ပါဝင်လေ့ရှိပြီး ကျောင်းသားလူငယ်များ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် ရဟန်းရှင်လူပြည်သူအများက ဗိုလ်ချုပ်အောင်ဆန်းအား လာရောက်ဂါရဝပြုရာ နေရာတစ်နေရာဖြစ်သည်။

ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာရှင်းနှင့် အားကစားကွင်းများလုပ်ငန်းမှ တာဝန်ယူပြုပြင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန်လ ၁၃ရက်(စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် သဘာဝ သစ်တောသစ်ပင်များကို ထိန်းသိမ်းဖို့ရာ အလေးထားဆောင်ရွက်သင့်ပုံ အကြောင်းနှင့် ငါးများ မျိုးသုဉ်းမသွားစေရန် သတိပြုဆင်ခြင်သင့်ပုံအကြောင်း ကို ရေးဖွဲ့ထားသည့် "ဒီရေတောကအပြန်" မျက်နှာဖုံးကာတွန်း၊ မြန်မာလူမျိုး တို့၏ အရသာရှိသော ဟင်းလျာတစ်မျိုးဖြစ်သည့် မှိုဟင်းအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မှိုအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ ပုပုတို့ သူငယ်ချင်းတစ်စု၏ ကြက်ခြေနီရှေးဦးပြုစုနည်း ဖြင့် သတိလစ်နေသော ပေစီ၏အမေအား ပြုစုကုသပေးခဲ့ပုံအကြောင်းကို တင်ဆက်ထားသည့် "ပုပုပါဝင်သည့် သိပါလေစ"နှစ်မျက်နှာ ကာတွန်း၊ မိဘစကားနားထောင်သော ဖိုးသက်သည် သူ့မိခင်၏ ဆုံးမသွန်သင်လမ်းပြမှုများအပေါ် လေးစားဂုဏ်ယူမိပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ကျန်းမာရေး အသိပေးချက်ကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




◆*ကျောဖုံးမှ*

အတွေ့အကြုံရှိ ကစားသမားများဖြစ်သည့် ဒန်နီရယ်စ်၊ ဘိုရစ်၊ ဆာမန်နှင့် အသင်းခေါင်းဆောင် ဖရန်ဆစ်တို့က အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုသွားဖွယ်ရှိနေကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါ ကစားသမားများအနေဖြင့် လာမည့် သီတင်းပတ်တွင် ပြန်လည်စတင်ကစားတော့မည့် ပရီမီယာလိဂ်ပွဲစဉ်များကို ရာသီပြီးဆုံးသည်အထိ ဆက်လက်ကစားသွားရဖွယ်ရှိနေသည်။

သို့သော်လည်း အသင်းမှ အဓိကကစားသမားတစ်ဦးဖြစ်သူ ဖရေဇာကတော့ ကာလတိုစာချုပ်သစ် ချုပ်ဆိုသွားမှာ မဟုတ်သည့်အတွက် လက်ကျန်ပွဲ အနည်းငယ်သာ ပါဝင်ကစားသွားဖို့ ရှိနေသည်။

ဘုန်းမောက်အသင်းတွင် အနာဂတ်မသေချာ မရေရာဖြစ်နေသော ဖရေဇာကို ဇူလိုင် ၁ ရက်မှ စတင်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ဖရေဇာသည် ဘုန်းမောက်အသင်းအတွက် ယခုနှစ်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၃၂ ပွဲ ပါဝင်ကစားထားပြီး ဂိုးရရှိအောင် လေးကြိမ်ဖန်တီးပေးထားနိုင်ကာ တစ်ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

နည်းပြဟိုဝီ၏ဘုန်းမောက်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ၂၉ ပွဲ ကစားပြီး ရမှတ် ၂၇ မှတ်ဖြင့် အဆင့် (၁၈) နေရာတွင် ရပ်တည်နေသည်။ ဘုန်းမောက်အသင်းအနေဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေပြီး အသင်းမှ အဓိကကစားသမားဖြစ်သူ ဖရေဇာ ကာလတိုစာချုပ်သစ် မချုပ်ဆိုခြင်းက နည်းပြဟိုဝီအတွက် ခေါင်းခဲစရာ ဖြစ်လာခဲ့သည်။ သို့သော်လည်း ဖရေဇာသည် ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်းမကုန်ဆုံးမီတွင် အသင်းအတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သည့် ခရစ္စတဲလ်ပဲလေ့စ်၊ ဝုဖ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်နှစ်ပွဲကိုတော့ ပါဝင်ကစားသွားဖွယ်ရှိနေကြောင်း သိရသည်။

ဖရေဇာသည် ၂၀၁၃ ခုနှစ်တွင် စကော့တလန်ကလပ် အဘာဒင်အသင်းမှ ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၂၀၃ ပွဲ ပါဝင်ကစားထားပြီး ၂၄ ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**

# မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းနှစ်သင်း ဖျက်သိမ်း

**ရန်ကုန် ဇွန် ၁၁**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဇွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့သည် အသင်းဖျက်သိမ်းလိုက်ပြီဖြစ်သည်။

ဇွန် ၁၀ ရက်က နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သည့် လိဂ်ကော်မတီအစည်းအဝေးတွင် ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့ နုတ်ထွက်လိုကြောင်း တင်ပြခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်ကျင်းပပါက အသင်း ၁၀ သင်းသာ ကျန်ရှိတော့မည်ဖြစ်သည်။ လက်ကျန်ပွဲများအတွက် ပွဲစဉ်များပြန်လည်ရေးဆွဲရမည်ဖြစ်ပြီး ယင်းနှစ်သင်း၏ရလဒ်နှင့် တန်းဆင်းကိစ္စတို့အတွက်ပါ မြန်မာနေရှင်နယ် လိဂ်ကော်မတီက အတည်ပြုထုတ်ပြန်ရမည်ဖြစ်သည်။ ဇွဲကပင်အသင်းသည် ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လိဂ်ပြိုင်ပွဲတွင် အမြင့်ဆုံးတတိယနေရာအထိ ရယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဖျက်သိမ်းလိုကြောင်း တင်ပြကာ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းမှာမူ ၂၀၁၇ ခုနှစ်က တစ်ကြိမ် ဖျက်သိမ်းဖူးပြီး ၂၀၁၉ ရာသီတွင် အသင်းပြန်လည်တည်ထောင်ကာ ယှဉ်ပြိုင်ခဲ့သော်လည်း နှစ်နှစ်အကြာတွင် ဒုတိယအကြိမ်ဖျက်သိမ်းခဲ့ခြင်းဖြစ် သည်။ ယင်းနှစ်သင်းမှ တာဝန်ရှိသူများသည် အသင်းဖျက်သိမ်းရသည့်အကြောင်းရင်းများကို လိဂ်ကော်မတီအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပရော်ဖက်ရှင်နယ်လိဂ်ဖြစ်သည့် MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် အသင်းရှစ်သင်းဖြင့် စတင်ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် အသင်းအရေအတွက် တိုးမြှင့်ကာ လက်ရှိရာသီတွင် အသင်း ၁၂ သင်းဖြင့် ကျင်းပလျက်ရှိသည်။ MNL သမိုင်းတွင် အသင်းအချို့ ဖျက်သိမ်းမှုများရှိခဲ့ပြီး ဘဏ္ဍာရေးအခက်အခဲအပါအဝင် အခြားအကြောင်းများကြောင့်လည်း ပါဝင်ကြောင်း သိရသည်။**ညီမြတ်သော်တာ**

# ၂၀၂၀ MNL ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်တွင် ပြန်လည်ကျင်းပရန် စီစဉ်

**နေပြည်တော် ဇွန် ၁၁**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုဗစ် - ၁၉ ကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်တွင် ပြန်လည်စတင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။



၂၀၂၀ ရာသီ MNL ပွဲစဉ်တစ်ခု တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြည်တွင်းပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ဇွန် ၁၀ ရက်က ပြုလုပ်သည့် လိဂ်ကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး သဘောတူညီမှုရခဲ့သောကြောင့် သက်ဆိုင်ရာထံ ဆက်လက်တင်ပြကာ ခွင့်ပြုချက်တောင်းခံသွားမည်ဖြစ်သည်။သက်ဆိုင်ရာမှ ပြိုင်ပွဲများကျင်းပရန် ခွင့်ပြုပါက MNL အမှတ်ပေးပြိုင်ပွဲအပါအဝင် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လူငယ်လိဂ်ပြိုင်ပွဲများဖြစ်သည့် ယူ - ၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲတို့ကို ဖျက်သိမ်းခဲ့သည်။

MNL စီနီယာလိဂ်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ ပဒုမ္မာကွင်း တွင်လည်းကောင်း၊ MNL-2 (ပထမတန်း) ပြိုင်ပွဲ ဒုတိယအကျော့ကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၂၈ ရက်အထိ ပဒုမ္မာကွင်း၊ စလင်းကွင်း၊ ဗဟန်း M-3 ကွင်းနှင့် တောင်ဒဂုံကွင်းတွင် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ သုဝဏ္ဏကွင်း၊ ပဒုမ္မာကွင်း၊ စလင်းကွင်း၊ ဗဟန်း M-3 ကွင်းနှင့် တောင်ဒဂုံကွင်းတွင်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။ MNL စီနီယာလိဂ်ပြိုင်ပွဲကို ပွဲစဉ် (၁၀) ကျင်းပနေသည့်ကာလတွင် ရပ်နားခဲ့ခြင်းဖြစ်ပြီး MNL-2 ပြိုင်ပွဲမှာ ပထမအကျော့အပြီးတွင် ရပ်နားခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို ပထမအဆင့် မကျင်းပမီမှာပင် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာမှ စတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ရှိသောကြောင့် MNL ပြိုင်ပွဲကို စက်တင်ဘာတွင် အပြီးကျင်းပခြင်းဖြစ်သည်။

လိဂ်ကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ၂၀၂၀ ပြည့်နှစ်အတွက် စပွန်ဆာရရှိထားမှုအခြေအနေများနှင့် ယခုနှစ်အတွင်း ကလပ်အသင်းများသို့ပေးအပ်သွားမည့် Subsidy လျာထားစာရင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော် က ယခုရာသီ MNL - 1 နှင့် MNL - 2 စီနီယာအမှတ်ပေးပြိုင်ပွဲများနှင့် ရှုံးထွက်ပြိုင်ပွဲ ပြန်လည်စတင်ရန် လျာထားသည့်ရက်နှင့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့် အညီ ရန်ကုန်မြို့တွင်သာ ကွင်းပိတ်ကျင်းပသွားမည့် အစီအစဉ် (A-Plan နှင့် B-Plan) များ၊ ပြိုင်ပွဲများကျင်းပမည့် ကြာမြင့်ချိန်နှင့် သက်ဆိုင်ရာသို့ ပြိုင်ပွဲကျင်းပခွင့်ရရှိရန် တင်ပြသွားမည့် Plan များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။ **ညီမြတ်သော်တာ**

## ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့်စစ်သည်တစ်ဦးတို့အား ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ဈေး၌ အမျိုးသား ၈ ဦးခန့်က ဓားနှင့် သံတုတ်များဖြင့် ဝိုင်းဝန်းထိုးနှက်ရိုက်ပုတ်ပြီး စစ်သည်အား ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ မြို့သစ်ဈေးသို့ ဈေးဝယ်ရန် သွားရောက်စဉ် အမျိုးသား ၈ ဦးခန့်က ၎င်းတို့ နှစ်ဦးအား ဓားနှင့် သံတုတ်များဖြင့် ဝိုင်းဝန်းထိုးနှက်ရိုက်ပုတ်ပြီး စစ်သည်အား ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့သည် ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် ဈေးဝယ်ရန် မြို့သစ်ဈေးသို့ အရပ်ဝတ်ဖြင့် ဆိုင်ကယ်စီးနင်း၍ သွားရောက်ခဲ့ကြောင်း၊ မြို့သစ်ဈေးအနီး အေးစေတီလမ်းဆုံ၌ ဆိုင်ကယ်ရပ်နား၍ ဈေးဝယ်ရန် ပြင်ဆင်နေစဉ် ရုတ်တရက် အမျိုးသား ၈ ဦးခန့် ရောက်ရှိလာပြီး တစ်ဦးမှ အရာရှိအား ဓားဖြင့်ထိုးရာ အရာရှိမှ ပြန်လည်ခုခံ၍ ပါလာသည့် ပစ္စတိုသေနတ်ဖြင့် ထုတ်ချိန်စဉ် ကျန် ၇ ဦးခန့်က သံတုတ်များဖြင့် အရာရှိနှင့်စစ်သည်အား ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း။

ပတ်ဝန်းကျင်မှ အရပ်သားများ ဝိုင်းအုံလာသဖြင့် ခုခံရုန်းကန်နေသော အရာရှိထံမှ ပစ္စတိုသေနတ်ကို လုယူပြီး အရိုက်ခံရသဖြင့် လဲကျမေ့မျောနေသော စစ်သည်အား ဖမ်းဆီးခေါ်ဆောင်ကာ ဆိုင်ကယ် ၅ စီးဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါအရာရှိတွင် ဓားထိုးခံရခြင်း၊ သံတုတ်ဖြင့် ရိုက်နှက်ခံရခြင်းတို့ကြောင့် မစိုးရိမ်ရ ဒဏ်ရာရရှိသဖြင့် လိုအပ်သောဆေးကုသမှု ခံယူစေလျက်ရှိကြောင်း။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများသည် AA အကြမ်းဖက်သောင်းကျန်းသူများ၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်သူများ ဖြစ်နိုင်ပြီး ပုဏ္ဏားကျွန်းမြို့မရဲစခန်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေးနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် စစ်သည်အား ပြန်လည်ရရှိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ တိုက်ခန်းကြမ်းခင်းပြိုကျမှုဖြစ်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ကုန်ဈေးတန်းလမ်း(အလယ်ဘလောက်) တိုက်အမှတ် ၂၄၈၊ လေးခန်းတွဲ သုံးထပ်တိုက်အဆောက်အအုံ၏ ဒုတိယထပ်ကြမ်းခင်းပြိုကျမှု ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားသည်။**(ယာပုံ)**



ယင်းအဆောက်အအုံမှာ နှစ် ၁၀၀ နီးပါး သက်တမ်းကြာမြင့်နေပြီး ဒုတိယထပ်နေ ဒေါ်ဥမ္မာသက်၏ နေအိမ်တိုက်ခန်း မီးဖိုဆောင် ကွန်ကရစ်ကြမ်းခင်း (အလျား ၁၅ ပေ၊ အနံ ၈ ပေခန့်) မှာ ပထမထပ်တွင် နေထိုင်သော ဦးစိန်လွင်၏ နေအိမ် တိုက်ခန်းမီးဖိုဆောင်ပေါ်သို့ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ကြမ်းခင်း ပြိုကျမှုကြောင့် ဦးစိန်လွင် အိမ်မှ မီးဖိုချောင်သုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ကျောက်တံတားမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ တိုင်းဒေသကြီးနှင့်အနောက်ပိုင်းခရိုင်တို့မှ ကွပ်ကဲမှုယာဉ်တစ်စီးစီနှင့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လာရောက်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

## မင်္ဂလာဒုံမြို့နယ်၌ စကားများရန်ဖြစ်ရာမှ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သူတစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၁၁**

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အပိုင်(၃) စံပယ်လမ်းထိပ်၌ နေမျိုးဦး (ဆိုင်ကယ်ကယ်ရီမောင်း) သည် ဇွန် ၈ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က အမျိုးသားတစ်ဦးနှင့် ဆိုင်ကယ်ချင်း ပွတ်တိုက်မိသည့်ကိစ္စဖြင့် စကားများရန်ဖြစ်စဉ် အဆိုပါအမျိုးသားက ဓားဖြင့်ထိုးသောကြောင့် နေမျိုးဦး သေဆုံးသွားသဖြင့် ၎င်း၏ယောက္ခမ ဒေါ်----က တရားလို ပြုလုပ်ပြီး မင်္ဂလာဒုံမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့သည်။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ (၁)မှ တပ်ဖွဲ့ဝင်များ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား အမြန်ဖမ်းဆီးရမိရေး စုံစမ်းမေးမြန်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မင်္ဂလာဒုံမြို့နယ် (၃/က) ရပ်ကွက် သရဖီ (၉)လမ်း အမှတ် (၁၇) နေ ကျော်ကျော်ခိုင်(ခ) ကျော်ကြီး ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ပြစ်မှုကျူးလွန်သူ ကျော်ကျော်ခိုင် (ခ) ကျော်ကြီး ကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲခန့်က အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် ရွှေပြည်သာစက်မှုဇုန် (၃) ဦးထွန်းညိုလမ်းမပေါ်၌ အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် ဓားနှင့်အတူ ဖမ်းဆီးရမိသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ ကျော်ကျော်ခိုင်(ခ)ကျော်ကြီး **(ဝဲပုံ)** ကို အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းမြို့ဟောင်းရှိ နှစ်ပေါင်း ၃၅၀၀ ခန့် လက်ရာ မြေအိုးအပါအဝင် ရှေးဟောင်းပစ္စည်းများ ဖျက်ဆီးခံရ

**ရွှေဘို ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဟန်လင်းမြို့ဟောင်းတွင် ထိန်းသိမ်းထားသည့် နှစ်ပေါင်း ၃၅၀၀ ခန့်က လက်ရာ မြေအိုးဟောင်းအပါအဝင် ရှေးဟောင်းပစ္စည်းများ ဖျက်ဆီးခံရကြောင်း ဝက်လက်မြို့မရဲစခန်းက သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ကမ္ဘာ့အမွေအနှစ်ဒေသများ ဌာနခွဲ ဟန်လင်းဌာနစုရုံး၌ ရှိနေသည့် ဟန်လင်းဌာနစုမှ လှည့်ကင်းအဖွဲ့ခေါင်းဆောင် ဦးဖြိုးဝေမောင်က ဟန်လင်းမြို့ဟောင်းမှ ပြတိုက်တည်နေရာတူးဖော်ကုန်း အမှတ် (၂၉)ရှိအဆောက်အအုံကို သွားရောက်စစ်ဆေးရာ အဆောက်အအုံအတွင်း ထိန်းသိမ်းထားသည့် အရိုးစု-၅ ရင်ဘတ်ပေါ်ရှိ အိုးအဝအချင်း ၄ လက်မ၊ အမြင့် ၅ လက်မခွဲရှိ မြေအိုးငယ် တစ်လုံး (လွန်ခဲ့သည့်နှစ်ပေါင်း ၃၅၀၀ခန့်မှ ရှေးဟောင်းပစ္စည်း)မှာ ပျက်စီးနေပြီး အရိုးစု အမှတ်(၃) ရပ်ကြွင်းရင်ဘတ်ပေါ်ရှိ မြေအိုးငယ် နှစ်လုံးမှာ နေရာရွှေ့ကာ ပျက်စီးနေခြင်း၊ အရိုးစု (၆) မှ မြေအိုးငယ် တစ်လုံးမှာ နေရာရွှေ့ပြီး အိုးလည်ပင်းအရစ်မှ မြေသားနှင့်အိုးခြမ်းကွဲများ ပွဲ့ကျခြင်း၊အရိုးစု အမှတ်(၉) ဘယ်ဘက်လက်မောင်းရိုး ကျိုးပွဲ့ခြင်း၊ အရိုးစု အမှတ် (၁၄) မေးရိုးမှာ ကြေမွနေခြင်းကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေအတိုင်း စုံစမ်းဖော်ထုတ်ပေးရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်များ ဌာနခွဲ ဟန်လင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က တရားလို ပြုလုပ်၍ ဝက်လက်မြို့မရဲစခန်းတွင် ဇွန် ၉ ရက် ညနေ ၅ နာရီခန့်က လာရောက်အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

" ပြတိုက်ထဲ ဝင်ပြီးတော့ ဘာရှိမယ်၊ ညာရှိမယ် ထင်ပြီးတော့ ခွာကြည့်တာပေါ့ဗျာ။ ခွာကြည့်တော့ ပျက်စီးသွားတာပေါ့။ အဲဒီလို ပျက်စီးတာတွေ့ပြီးတော့ ဖြစ်စဉ်ကိုလည်း ရုံးချုပ်ကို ထူးခြားဖြစ်စဉ် တင်ပြရတယ်။ ပြီးတော့ စနေနဲ့ တနင်္ဂနွေ ခံနေတာနဲ့ အမှုဖွင့်တိုင်တန်းဖို့ ကြာသွားတယ်။ အဲဒီ အဆောက်အအုံက ခြံဝင်းတံခါးသော့ရော၊ အရိုးစုပြတိုက်တံခါးသော့ရော ရှိတယ်။ အဲဒီက မဖျက်ဘဲနဲ့ ကာထားတဲ့ သွပ်ပြားကို ဖောက်ပြီးတော့ ဝင်သွားတာ" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က ပြောသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဝက်လက်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ထွန်းမြင့်အောင်(ရွှေဘို)**

## ဇမ္ဗူသီရိမြို့နယ်တွင် ဝန်ထမ်းအမျိုးသမီးနှစ်ဦး ညအချိန် နေအိမ်၌အိပ်နေစဉ် တုတ်ဖြင့် အရိုက်ခံရမှုဖြစ်

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၂၃၃၈) အခန်း-၁၂တွင် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်းနှစ်ဦး ညအချိန် နေအိမ်အိပ်ခန်းအတွင်း အိပ်ပျော်နေစဉ် လူတစ်ဦးက ဝင်ရောက်လာပြီး သစ်သားတုတ်ဖြင့် ရိုက်နှက်မှုတစ်ခုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် ညတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်တွင် နေသူ ဒေါ်သန်းသန်းဌေး (၃၆ နှစ်)၏ အခန်းသို့ တစ်တိုက်တည်း နေထိုင်သည့် မဇာရွှေဝင်း (၃၂ နှစ်)က အဖော်အဖြစ် လာရောက်အိပ်ပေးခဲ့သည်။

ယင်းည ၂ နာရီခန့်တွင် ၎င်းတို့ နှစ်ဦးအိပ်နေသည့် အခန်းအတွင်းသို့ အမျိုးသားတစ်ဦးကဝင်ရောက်လာပြီး အဆိုပါအမျိုးသမီးနှစ်ဦးအား လက်ထဲတွင်ပါလာသော သစ်သားတုတ်ဖြင့် ဦးခေါင်း၊ နားထင်၊ မျက်နှာနှင့် လက်တို့ကို ရိုက်နှက်ခဲ့ကြောင်း၊ ထို့နောက် ဒဏ်ရာရအမျိုးသမီးနှစ်ဦးတို့အား အဆိုပါ တိုက်ရှိဝန်ထမ်းမိသားစုများက ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါ အမျိုးသားက အမျိုးသမီးနှစ်ဦး၏ မည်သည့်ပစ္စည်းကိုမျှ မယူသွားခဲ့ကြောင်း၊ ဒဏ်ရာရအမျိုးသမီးနှစ်ဦးအနေဖြင့် ဆေးရုံတက်ရောက်ကုသနေရသဖြင့် အပြည့်အစုံမေးမြန်းစုံစမ်းရန် အခက်အခဲရှိနေသေးကြောင်း ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) နယ်မြေ ရဲတပ်ဖွဲ့စခန်းမှူးထံမှ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ် (၇) နယ်မြေရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ဆောင်ရွက်ထားပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရမြေ)**

## လှည်းကူးမြို့နယ် ဒါးပိန်ဈေးအတွင်း ဓားခုတ်မှု ဖြစ်ပွား

**လှည်းကူး ဇွန် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်ဈေးအတွင်း ပုံကျဈေးဆိုင်တန်းအနီး၌ ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲခန့်က ဓားခုတ်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက မစန်းဝေ(ခ)သောင်းရွှေ (၄၁နှစ်)သည် ဒါးပိန်တောင်ကျေးရွာ စည်ပင်သာယာဈေးအတွင်းရှိ ငါးဈေးတန်း၌ ဈေးရောင်းနေစဉ် ခင်ပွန်းဖြစ်သူ ဦးသန်းလွင် (၄၄နှစ်) သည် ဈေးအပြင်ဘက်သို့ထွက်သွားပြီး ခဏအကြာ ဒါးပိန်ဈေးအတွင်း ပုံကျဆိုင်တန်းအနီး၌ ဓားခုတ်ခံရကြောင်း သိရှိရသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုရာ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသန်းလွင်နှင့် တိုးနိုင်ဝင်း(၄၆နှစ်)တို့ စကားများရန်ဖြစ်ရာမှ တိုးနိုင်ဝင်းက လက်ထဲတွင်အသင့်ပါလာသော ဓားမဖြင့် ခင်ပွန်းဖြစ်သူ ဦးသန်းလွင်၏ ဦးခေါင်းအား ခုတ်လိုက်သောကြောင့် ဒဏ်ရာများ ရရှိခဲ့ပြီး သဃ်န်းကျွန်းစံပြဆေးရုံသို့ တင်ပို့ကုသခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ တိုးနိုင်ဝင်းအား လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းက အမှုဖွင့်လုစ်ထားကြောင်း သိရသည်။

**နိုင်လင်း (လှည်းကူး)**



ဩစတြီးယားနိုင်ငံ ဗီယင်နာရှိ ထင်ရှားသောနန်းတော်ကြီးဖြစ်သည့် ဗီယင်နာဟော့ဖ်ဘာ့ဂ်ျကိုတွေ့ရစဉ်။

# ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကို ဩစတြီးယားဖြေလျှော့

**ဗီယင်နာ ဇွန် ၁၁**

ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့လျက်ရှိသောကြောင့် အီတလီနှင့် ထိစပ်နေသောနယ်စပ်ကို ဇွန် ၁၆ ရက်မှစကာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဩစတြီးယားနိုင်ငံက ဇွန် ၁၀ ရက်တွင် ကြေညာလိုက်သည်။ ထို့အတူ အဆိုပါရက်မှစကာ ဥရောပနိုင်ငံအများစုကိုလည်း လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုမည်ဖြစ်ကြောင်း ဆက်လက်ကြေညာလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်က ဩစတြီးယားသည် အိမ်နီးချင်းနိုင်ငံအချို့ကို သွားရောက်လည်ပတ်နိုင်ရန် ခရီးသွားလာမှုဆိုင်ရာကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သည်။ အဆိုပါဖြေလျှော့ပေးမှုတွင် အီတလီနိုင်ငံမပါဝင်ကြောင်း သိရသည်။ အီတလီနိုင်ငံသည် ဥရောပတွင် ကိုဗစ်-၁၉ အဆိုးရွားဆုံး ကူးစက်ခံရသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိမိတို့သည် နယ်စပ်များကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ အီတလီ၊ ဂရိနှင့် ခရိုအေးရှားနိုင်ငံတို့ကို သွားလာနိုင်ပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒား စကာလန်ဘာ့ဂ်ျက ဇွန် ၁၀ ရက် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

ဇွန် ၁၆ ရက်မှစကာ ဩစတြီးယားနိုင်ငံသည် ဥရောပနိုင်ငံအများစုအပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံမှ ခရီးသွားများကို မည်သည့်ကန့်သတ်ချက်မှ မလုပ်ဘဲ ခရီးသွားလာခွင့်ပြုလိုက်ကြောင်း သိရသည်။ သို့သော်လည်း ဆွီဒင်၊ စပိန်၊ ပေါ်တူဂီနှင့် အမေရိကန်ပြည်ထောင်စုတို့မှာ ခြွင်းချက်များရှိကြောင်းနှင့် အဆိုပါနိုင်ငံများမှ ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ မရှိကြောင်း စမ်းသပ်စစ်ဆေးထားသည့် စစ်ဆေးမှုကို ပြသရမည်ဖြစ်သလို သီတင်းပတ်နှစ်ပတ်ကြာ အသွားအလာ စောင့်ကြည့်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီရက်များအတွင်း ဆွီဒင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ရုဒ်ဒေါ့ဖ် အက်စ်ကူဘာက ရှင်းပြသည်။

**အေအက်ဖ်ပီ**

# လာမည့်လများတွင် ပြင်သစ်နိုင်ငံ၏ အလုပ်အကိုင်ပေါင်း ရှစ်သိန်းခန့်ဆုံးရှုံးနိုင်

ပါရီ ဇွန် ၁၁

**ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့ရာ ယင်း၏ အကျိုးသက်ရောက်မှုကြောင့် စီးပွားရေးယိမ်းယိုင်နေချိန် လာမည့်လများတွင် ပြင်သစ်နိုင်ငံ၌ အလုပ်အကိုင်ပေါင်း ရှစ်သိန်းခန့် ဆုံးရှုံးနိုင်ခြေရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးက ဇွန် ၁၀ ရက်တွင် သတိပေးပြောကြားလိုက်သည်။**

မိမိတို့၏ချင့်ချိန်တွက်ချက်မှုအရ လာမည့်လများအတွင်း အလုပ်အကိုင် ပေါင်းရှစ်သိန်းဆုံးရှုံးနိုင်ကြောင်း သို့မဟုတ် စုစုပေါင်းအလုပ်ခန့်အပ်နိုင်မှု ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း ဘရူနိုလီမာရီက လွှတ်တော်ရှိ ဘဏ္ဍာရေးကော်မတီသို့ ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့သော လုပ်ငန်းများကို ထောက်ပံ့ကူညီရန် (ခွင့်) အစီအစဉ်များအပါအဝင်၊ ကုမ္ပဏီများအတွက် အခွန်ယာယီရပ်နားပေးခြင်း၊ အလုပ်သင်များအား ငှားရန်ဘဏ္ဍာရေးဆိုင်ရာမက်လုံးပေးမှုများပါဝင်သည့် ကိစ္စရပ်များကို လုပ်ဆောင်ရန်ဘဏ္ဍာရေးဝန်ကြီးက တိုက်တွန်းပြောကြား လိုက်သည်။

ပြင်သစ်ဗဟိုဘဏ်က ပြင်သစ်နိုင်ငံ၏စီးပွားရေးသည် မတ်လက ချမှတ်ခဲ့သည့် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများကြောင့် ၁၀ ရာခိုင်နှုန်းခန့် ကျုံ့လာနိုင်ကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၂ ခုနှစ်နှစ်လယ်ရောက်သည့်တိုင် ကိုဗစ်-၁၉ မဖြစ်ခင်အခြေအနေကဲ့သို့ ပုံမှန်အခြေအနေမျိုး ပြန်လည်ရောက်ရှိနိုင်မည်မဟုတ်ကြောင်း သိရသည်။

ပြင်သစ်စီးပွားရေးသည် ပထမ သုံးလပတ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း ကျုံ့လာနိုင်ပြီး ဒုတိယသုံးလပတ်တွင် ၂၀ ရာခိုင်နှုန်းအထိ ကျုံ့လာနိုင်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် ဒုတိယကမ္ဘာ စစ်မှစကာ အဆိုးဆုံးအခြေအနေကို ရင်ဆိုင်ရန် အကောင်းဆုံးပြင်ဆင်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးပြန်လည်နာလန်ထူအောင် လုပ်ဆောင်နေပြီဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးပြော

**ဝါရှင်တန် ဇွန် ၁၁**

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ရပ်တန့်ရန် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက်တွင် အမေရိကန်ပြည်ထောင်စု၌ စီးပွားရေးနာလန်ထူလာအောင် ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်က ဇွန် ၁၀ ရက်က ပြောကြားလိုက်သည်။ အမေရိကန်၏စီးပွားရေးသည် အကောင်းဘက်သို့ ပြန်လည်ဦးတည်လာပြီဖြစ်ကြောင်း၊ မိမိတို့၏ စီးပွားရေး ပြန်လည်တည့်မတ်လာပြီဖြစ်ကြောင်း မြူချင်က အထက်လွှတ်တော် အသေးစားစီးပွားရေးလုပ်ငန်းနှင့် စီးပွားရေး စွမ်းဆောင်ရှင်များကော်မတီသို့ ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၉၀ ခန့်က စီးပွားပျက်ကပ်ဖြစ်ပွားခဲ့သလို ယခု ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေး ဂယက်ရိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း လွန်ခဲ့သောသီတင်းပတ်က အလုပ်သမားဌာန၏ သတင်းဖော်ပြချက်တွင် အလုပ်အကိုင်ပေါင်း ၂ ဒသမ ၅ သန်းတိုးလာကြောင်းနှင့် အလုပ်လက်မဲ့နှုန်းမှာလည်း ၁၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်က ပြောကြားလိုက်သည်။

ထို့အတူ အမေရိကန်ကုန်သည်များအသင်းထံမှရရှိသော စာရင်းဇယားများအရ အသေးစားစီးပွားရေးလုပ်ငန်း ၇၉ ရာခိုင်နှုန်း ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ပိတ်ထားသော စီးပွားရေးလုပ်ငန်းထက်ဝက်လောက်ကို မကြာမီ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း မြူချင်က ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် မတ်လနှောင်းပိုင်းတွင် လွှတ်တော်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံတန်ဖိုးရှိ ဂရုစိုက်ကာကွယ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ကို ခွင့်ပြုခဲ့သည်။ အဆိုပါဥပဒေက အသေးစား စီးပွားရေးလုပ်ငန်းများကို ချေးငွေများနှင့် ရန်ပုံငွေများပေးခဲ့သလို အမေရိကန်ပြည်သူများကိုလည်း ငွေကြေးထောက်ပံ့မှုများ လုပ်ဆောင်စေခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရွှေ့ပြောင်းအလုပ်သမားများအတွက် အိမ်ရာသစ်ဆောက်လုပ်မှုများအပေါ် အတွေးအခေါ်အယူအဆများပြောင်းလဲရန်လိုအပ်ကြောင်း စင်ကာပူအာဏာပိုင်များပြော

**စင်ကာပူ ဇွန် ၁၁**

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ရွှေ့ပြောင်းလုပ်သားများကို လူနေရပ်ကွက်များတွင် ရွှေ့ပြောင်းထားရှိမည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ဝေဖန်မှုများကို မြေနေရာရှားပါးသည့်စင်ကာပူနိုင်ငံက ပယ်ချလိုက်ပြီး သည်းခံကြဖို့တိုက်တွန်းလိုက်ကာ စာနာမှုများထားရှိနိုင်ရေးအတွက် လူမှုမီဒီယာလှုပ်ရှားမှုများဆောင်ရွက်ခဲ့သည်။

ဝင်ငွေနည်းနိုင်ငံခြားအလုပ်သမားများသည် အိပ်ဆောင်အခန်းများထဲတွင် ပြည့်ကျပ်လျက်ရှိပြီး တစ်ကိုယ်ရေပတ်ဝန်းကျင်သန့်ရှင်းမှုလည်း မရှိကြောင်းနှင့် ၎င်းတို့သည် စင်ကာပူနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်အများဆုံးကူးစက်ဖြစ်ပွားမှုဖြစ်စဉ်ပေါင်း ၃၈၀၀၀ ခု၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်သလို ကူးစက်ခံရမှု၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံသည် ရွှေ့ပြောင်းအလုပ်သမားများအတွက် အချိန်တိုအတွင်း လူနေမှုအခြေအနေများကို တိုးတက်အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ပြီး နောက်ငါးနှစ်အတွင်း ရွှေ့ပြောင်းအလုပ်သမား ၁၀၀၀၀၀ အတွက် အိပ်ဆောင်အသစ်များ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရွှေ့ပြောင်းအလုပ်သမားထောင်ပေါင်းများစွာသည် မြို့တော်ရှိ ယာယီနေထိုင်ရာ နေရာပေါင်း ၃၆ ခုသို့ ပြောင်းရွှေ့ခဲ့သည်။

အိမ်ရာတိုက်ခန်းများနှင့် ကျောင်းဆောင်များအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများထားရှိရာယာယီနေရာအချို့သည် လူနေရပ်ကွက်ရှိနေရာများ ဖြစ်သည်။

အသစ်ဆောက်လုပ်မည့် အချို့အလုပ်သမားအဆောင်များသည် လူနေရပ်ကွက်များအနီးတွင်ရှိသောကြောင့် မိမိတို့သည် ၎င်းတို့အပေါ် မနှစ်မြို့သည့်အတွေးအခေါ်အယူအဆများပြောင်းလဲရန်လိုကြောင်းနှင့် ၎င်းတို့သည် မိမိတို့၏လူမှုအသိုက်အဝန်းတစ်ခုဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုး တိုးတက်ရေး ဝန်ကြီး လောရင့်ဝေါင်က ပြောကြားလိုက်သည်။

**သည်ဂျာကာတာပို့စ်**

# လေကြောင်းလိုင်းများ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄ ဘီလီယံဆုံးရှုံးနိုင်ကြောင်း အိုင်အေတီအေ ခန့်မှန်း




အိုင်အေတီအေ၏ ညွှန်ကြားရေးမှူးချုပ်နှင့် စီအီးအိုဖြစ်သူ ဒီဂျူးနီယက်။

**မွန်ထရီရယ် ဇွန် ၁၁**

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားချိန်တွင် လေကြောင်းဖြင့် ခရီးသွားလာမှုကျဆင်းသွားသောကြောင့် လေကြောင်းလိုင်းများအနေဖြင့် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄ ဘီလီယံခန့်ဆုံးရှုံးနိုင်ကြောင်း ကမ္ဘာ့လေကြောင်းလိုင်းကုန်သွယ်ရေးအဖွဲ့အစည်းတစ်ခုက ပြောကြားလိုက်သည်။

အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဖြစ်သည့် အိုင်အေတီအေ၏ဇွန် ၉ ရက်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့လေကြောင်းလိုင်းအပေါ် သုံးသပ်ထားသော ခန့်မှန်းချက်အရ သိရသည်။

ယခုနှစ်တွင် လေကြောင်းအသုံးပြုသူခရီးသည် ၂ ဒသမ ၂၅ ဘီလီယံကျဆင်းနိုင်ကြောင်း၊ အဆိုပါပမာဏသည် လွန်ခဲ့သောနှစ်က ဖော်ပြခဲ့သော အရေအတွက်၏ ထက်ဝက်ခန့်ရှိကြောင်း အိုင်အေတီအေက ဖော်ပြခဲ့သည်။

ထို့အတူ ဝင်ငွေများလည်း လွန်ခဲ့သောနှစ်ကထက် ၅၀ ရာခိုင်နှုန်းကျဆင်းမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောသည်။

၂၀၂၀ ပြည့်နှစ်သည် စီးပွားရေးအကျနှစ်တစ်နှစ်ဖြစ်ပြီး လေကြောင်းသမိုင်းတွင် အဆိုးရွားဆုံးနှစ်တစ်နှစ်လည်းဖြစ်မည်ဖြစ်ကြောင်း အိုင်အေတီအေက ဆက်လက် ပြောကြားထားသည်။

ထို့အပြင် အိုင်အေတီအေက အစိုးရ၏ ဘဏ္ဍာငွေကယ်ဆယ်ရေး အစီအစဉ်များသည် အရေးပါကြောင်းနှင့် လေကြောင်းလိုင်းဆိုင်ရာ ကန့်သတ်ချက်များဖယ်ရှားပြီးနောက်ပိုင်းတွင် ခရီးသည်များနှင့် လေကြောင်းလိုင်းဝန်ထမ်းများအား ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်နိုင်ရေးတို့ကိုလည်း တိုက်တွန်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်


ကိုလ်ကတ္တားမြို့ရှိ ဘုရားကျောင်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းအချို့ကို တွေ့ရစဉ်။

**နယူးဒေလီ ဇွန် ၁၁**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ထပ်မံသေဆုံးသူအရေအတွက် ၃၅၇ ဦး ပေါ်ထွက်လာခဲ့ကြောင်း အိန္ဒိယ ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ပြီးခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၉၉၉၆ ဦး ရှိခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၂၈၆၅၇၉ ဦးအထိ ဖြစ်လာခဲ့ကာ သေဆုံးသူအရေအတွက်မှာလည်း ၈၁၀၂ ဦးအထိ ရှိလာခဲ့သည်။

**တစ်ရက်အတွင်း အမြင့်ဆုံး ကူးစက်မှုဖြစ်**

ယင်းပမာဏသည် နိုင်ငံအတွင်း တစ်ရက်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူနှင့် ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် အမြင့်ဆုံးအရေအတွက် ဖြစ်ခဲ့သည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်သက်သာကောင်းမွန်လာသည့်အတွက် ဆေးရုံမှ ဆင်းလာသူအရေအတွက် ၁၄၁၀၂၉ ဦးရှိကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ဘင်္ဂလားဒေ့ရှ်၌ ကူးစက်မှုအခြေအနေ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဇွန် ၁၁ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူအရေအတွက် ၃၁၈၇ ဦးရှိကာ နောက်ထပ်သေဆုံးသူအရေအတွက် ၃၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက ရုပ်သံမီဒီယာတစ်ခုသို့ ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်စုစုပေါင်းမှာ ၇၈၀၅၂ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အထွေထွေညွှန်ကြားမှုတွဲဖက် အကြီးအကဲပါမောက္ခနာဆီမာစူလ်တန်နာက ပြောကြားခဲ့သည်။ နိုင်ငံအတွင်း ရောဂါကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက် စုစုပေါင်း ၁၀၄၉ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**


## အမေဇုန်ကုမ္ပဏီက အမေရိကန်ရဲတပ်ဖွဲ့ကို မျက်နှာဖတ်၍စစ်ဆေးသည့် ဆော့ဖ်ဝဲအသုံးပြုမှု တစ်နှစ်ပိတ်ပင်

**နယူးယောက် ဇွန် ၁၁**

အမေရိကန် နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အမေဇုန်က ၎င်း၏ မျက်နှာဖတ်စစ်ဆေးသည့် နည်းပညာဆော့ဖ်ဝဲကို အမေရိကန်ရဲတပ်ဖွဲ့ အသုံးပြုမှုကိုတစ်နှစ် ရပ်ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည်။

ဆီယက်တယ်လ် အခြေစိုက် အမေဇုန် နည်းပညာကုမ္ပဏီက အဘယ်ကြောင့် ၎င်း၏ ဆော့ဖ်ဝဲကို အမေရိကန်ရဲများ အသုံးပြုခွင့်ပိတ်ပင်ရန် ဆုံးဖြတ်လိုက်ရကြောင်းကို ၎င်း၏ ဘလော့စာမျက်နှာတွင် ရှင်းလင်းဖော်ပြခဲ့ခြင်း မရှိပေ။ မျက်နှာကိုဖတ်၍ စစ်ဆေးသည့် အဆိုပါဆော့ဖ်ဝဲသည် အာဖရိက-အမေရိက နိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ရာတွင်လွဲမှားမှုရှိသည်ဟုဆိုကာ ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။

မျက်နှာဖတ်၍ စစ်ဆေးသည့် နည်းပညာအသုံးပြုမှုနှင့် ပတ်သက်သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပိုမိုတင်းကျပ်သည့် စည်းကမ်းလမ်းညွှန်ချက်များကို အစိုးရက ချမှတ်ဆောင်ရွက်သင့်ကြောင်းကို အမေဇုန်က ထောက်ခံကြောင်းနှင့် တစ်နှစ်တာ ဆော့ဖ်ဝဲအသုံးပြုမှု ရပ်ဆိုင်းထားချိန်အတောအတွင်း အမေရိကန်အထက်လွှတ်တော်အနေဖြင့် ကောင်းမွန်သင့်လျော်သည့် စည်းမျဉ်းများချမှတ်အကောင်အထည်ဖော်ရန် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အကယ်၍ ယင်းကိစ္စအတွက် အကူအညီ လိုအပ်လာပါကလည်း အမေဇုန်အနေဖြင့် ကူညီဆောင်ရွက်ရန်အသင့်ရှိကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။


အမေဇုန်၏ နည်းပညာဆော့ဖ်ဝဲဖြင့် မျက်နှာဖတ်၍ စစ်ဆေးမှုတစ်ခုကို တွေ့ရစဉ်။

အမေရိကန်ရဲများ၏ ဖမ်းဆီးမှုအတွင်း အာဖရိကဖွား အမေရိကန်နိုင်ငံသား ဂျော့ဂျ်ဖလွိုက်ဒ် သေဆုံးခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ဆန္ဒပြမှုများ ပေါ်ပေါက်လာချိန်တွင် အမေဇုန်ကုမ္ပဏီက ထိုသို့လုပ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကိုရီးယားနှစ်နိုင်ငံအရေးကိစ္စတွင် ကြားဝင်စွက်ဖက်ခြင်းမပြုရန် အမေရိကန်ကို မြောက်ကိုရီးယားသတိပေး

**ပြုံယမ်း ဇွန် ၁၁**

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနှင့် ဆက်သွယ်ရေးအားလုံးဖြတ်တောက်လိုက်သည့်အပေါ် အမေရိကန်က သဘောမကျကြောင်း ဖော်ပြခဲ့ပြီးနောက်တွင် မြောက်ကိုရီးယားနိုင်ငံက ကိုရီးယားနှစ်နိုင်ငံနှင့် သက်ဆိုင်သည့်အရေးကိစ္စတွင် အမေရိကန်အနေဖြင့် ကြားဝင်စွက်ဖက်ခြင်းမပြုရန် သတိပေးလိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းကို ဝေဖန်သည့် လက်ကမ်းစာစောင်များကို တောင်ကိုရီးယားရှိ တက်ကြွလှုပ်ရှားသူများက နယ်စပ်ဖြတ်ကျော်ပေးပို့ခဲ့ပြီးနောက် ဇွန် ၉ ရက်တွင် တောင်ကိုရီးယားနှင့် ဆက်သွယ်မှုမှန်သမျှကို မြောက်ကိုရီးယားက ဖြတ်တောက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယား၏ ယင်းဆုံးဖြတ်ချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မနှစ်မြို့ကြောင်း ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အမေရိကန်ရေးရာအထွေထွေညွှန်ကြားရေးမှူး ကွန်ဂျုန်ဂမ်က ကိုရီးယားပြည်သူများ၏ ပြည်တွင်းရေးကိစ္စရပ်များကို မည်သူမျှ ကြားဝင်စွက်ဖက်ခွင့်မရှိကြောင်း၊ အမေရိကန် ၏ အဆင်ခြင်မဲ့သည့် မှတ်ချက်စကားအပေါ် စိတ်ပျက်မိကြောင်း ဇွန် ၁၁ ရက်တွင် ဖော်ပြချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်ရာ အမေရိကန်အနေဖြင့် ဆိုးရွားသည့်နောက်ဆက်တွဲပြဿနာများ မဖြစ်စေလိုလျှင် အခြားသူများ၏ကိစ္စတွင် ကြားဝင်စွက်ဖက်ခြင်းမပြုဘဲ မိမိအရေးကိစ္စကိုသာ အာရုံစိုက်သင့်ကြောင်း ကွန်ဂျုန်ဂမ်က ထုတ်ပြန်ချက်ထဲတွင် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံ၌ အစိုးရက ကိုဗစ်-၁၉ တိုက်ဖျက်ရေး ကြိုးပမ်းမှုအောင်မြင်ကြောင်းကြေညာ

**ဗီယန်ကျင်း ဇွန် ၁၁**

လာအိုနိုင်ငံ၌ အစိုးရက ကိုဗစ်-၁၉ ကူးစက်မှုတိုက်ဖျက်ရေး ကနဦးကြိုးပမ်းမှု အောင်မြင်မှုရှိကြောင်း ကြေညာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာ ၁၉ ဦးစလုံး ကျန်းမာရေးပြန်ကောင်းလာပြီး ဆေးရုံမှဆင်းခွင့်ရခဲ့ကာ ၅၉ ရက် ဆက်တိုက်ကြာသည်အထိ နောက်ထပ်ရောဂါ ထပ်မံကူးစက်ခံရသူ ပေါ်ထွက်လာခြင်းမရှိတော့သည့်နောက်တွင် အစိုးရက ထိုသို့ကြေညာလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

လာအိုဝန်ကြီးချုပ် ထောင်လွန်ဆီဆုလစ်က လာအိုနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ကနဦးကြိုးပမ်းမှုအောင်ပွဲရရှိခဲ့ကြောင်း ဇွန် ၁၀ ရက်က မြို့တော်ဗီယန်ကျင်း၌ပြုလုပ်သည့် မီဒီယာကွန်ဖရင့်၌ ပြောကြားခဲ့သည်။

ယင်းအောင်မြင်မှုသည် သိသာထင်ရှားသည့် ပထမဆုံးခြေလှမ်းအဆင့်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

လာအိုနိုင်ငံအတွင်း ပြီးခဲ့သည့်မတ် ၂၄ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူနှစ်ဦးပေါ်ထွက်လာကြောင်းကြေညာခဲ့ပြီး စုစုပေါင်း ၁၉ ဦးအထိ ရောဂါကူးစက်ခံခဲ့ရသည်။ ရောဂါကူးစက်ခံခဲ့ရသူ နောက်ဆုံးလူနာမှာ ဇွန် ၉ ရက်တွင် ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် နှစ်သန်းကျော်ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြ

**ဝါရှင်တန် ဇွန် ၁၁**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် ဇွန် ၁၀ ရက်တွင် နှစ်သန်းကျော်အထိ ဖြစ်လာခဲ့ပြီး ဇွန် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် စုစုပေါင်း ရောဂါကူးစက်ခံရသူ အရေအတွက် ၂၀၀၀၄၆၄ ဦးအထိ ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြခဲ့သည်။

ရောဂါကူးစက်မှုကြောင့်သေဆုံးသူအရေအတွက်မှာ ၁၁၂၉၂၄ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှဖော်ပြသည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။



အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် ဘာတီမိုမြို့ရှိ ဂျွန်ဟော့ကင်းဆေးရုံကို တွေ့ရစဉ်။

နယူးယောက် ပြည်နယ်တွင် ရောဂါကူးစက်မှု အဆိုးရွားဆုံး ဖြစ်ပွားလျက်ရှိပြီး ကူးစက်ဖြစ်ပွားသူ အရေအတွက် ၃၈၀၁၁၅၆ ဦးရှိကာ သေဆုံးသူ အရေအတွက် ၃၀၅၄၂ ဦးရှိသည်။

နယူးဂျာစီ၊ ကယ်လီဖိုးနီးယား၊ အီလီနွိုက်နှင့် မက်ဆာချူးဆက် ပြည်နယ်များ အပါအဝင် ကျန်ဒေသများ၌ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဝါရှင်တန်ပို့စ် သတင်းစာတွင် ဖော်ပြထားချက်အရ ဇွန်လအစပိုင်း လောက်ကတည်းက တက္ကဆက်ပြည်နယ်နှင့် ကယ်လီဖိုးနီးယားပြည်နယ်များအပါအဝင် အမေရိကန်ရှိ ပြည်နယ် အများအပြားတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တစ်ပတ်အတွင်း အမြင့်ဆုံးအခြေအနေများကို မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဥရောပမှလွဲ၍ ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှု ပိုဆိုးလာချိန် ကိုဗစ် – ၁၉ ကန့်သတ်ပိတ်ဆို့မှုမှ ရုန်းထွက်လာတဲ့ မော်စကို

**ထွန်းသစ်စ**

**မော်စကိုဟာ တင်းကျပ်တဲ့ ကိုဗစ်–၁၉ ကန့်သတ်ပိတ်ပင်မှုမှ ရုန်းထွက်လာချိန် ရုရှားနိုင်ငံမှာ နေ့စဉ် ကိုဗစ်–၁၉ ထောင်ချီကူးစက်မှုတွေ တွေ့မြင်နေရသလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကူးစက်ရောဂါဟာ ကမ္ဘာတစ်ဝန်းမှာ ပိုလို့တောင်ဆိုးလာတယ်ဆိုပြီး သတိပေးထားပါတယ်။ မတ် ၃၀ ရက် ကတည်းက ချမှတ်ထားတဲ့ ကိုဗစ်–၁၉ ကန့်သတ်ပိတ်ဆို့မှုကို ဖယ်ရှားလိုက်ချိန်မှာ မော်စကိုဒေသခံတွေဟာ ပန်းခြံတွေဆီကိုလာပြီး သူ့ထက်ငါအရင် အပန်းဖြေအနားယူကြပါတယ်။ အဲဒီအချိန်မှာ ရုရှားနိုင်ငံရဲ့ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူအရေအတွက်ဟာ ၈၅၉၅ ဦးဖြစ်ပြီး သေဆုံးသူဦးရေဟာလည်း ၆၀၀၀ ကျော်လာခဲ့ပါတယ်။**

## လှပတဲ့နေ့တစ်နေ့

အပြင်ကိုထွက်ခွင့်ရတာ အလွန်ကိုကောင်းပါတယ်။ လမ်းတွေပေါ်မှာ လူတွေအများကြီးပဲလို့ ဈေးကွက်မန်နေဂျာတစ်ဦးဖြစ်တဲ့ အော်ဂါအိုင်ဗန်နိုဗာက မော်စကိုမြို့ထဲမှာ လျှောက်သွားရင်း ပြောလိုက်ပါတယ်။ ဒီနေ့ဟာ လှပတဲ့နေ့တစ်နေ့ပါပဲလို့ သူက ဆက်ပြောလိုက်ပါသေးတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဘရာဇီးနိုင်ငံတွေပြီးရင် ကမ္ဘာပေါ်မှာ ရုရှားနိုင်ငံဟာ ကိုဗစ်–၁၉ ကူးစက်ခံရမှုတတိယအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ သို့သော်လည်း သက်ဆိုင်ရာအာဏာပိုင်တွေကတော့ ဒါဟာ ကိုဗစ်–၁၉ စစ်ဆေးမှုကို အများအပြားလုပ်နိုင်တဲ့ အကျိုးဆက်ကြောင့်ဖြစ်တယ်လို့ ဆိုလိုက်ပြီး သေဆုံးသူအရေအတွက် ကျဆင်းလာတာကိုလည်း ဖော်ပြခဲ့ကြပါတယ်။



မော်စကိုမြို့ရှိပန်းခြံတစ်ခုတွင် အပန်းဖြေနေသည့် ဒေသခံများကိုတွေ့ရစဉ်။

သို့သော်လည်း ဝေဖန်သူတွေကတော့ သေဆုံးသူနှုန်းဟာလျှော့ပြီး ဖော်ပြထားတာမျိုးလည်း ဖြစ်နိုင်ကြောင်းနဲ့ နိုင်ငံရေးအကြောင်းပြချက်တွေကြောင့် ကန့်သတ်ချက်တွေကို ခပ်မြန်မြန်ဖြေလျှော့ပေးလိုက်တယ်ဆိုပြီး သက်ဆိုင်ရာအာဏာပိုင်တွေကို စွပ်စွဲထားပါတယ်။

## ကူးစက်မှုတွေ မြင့်နေသေး

သို့သော်လည်း တခြား ကမ္ဘာ့အစိတ်အပိုင်းဒေသတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း ဥရောပရဲ့ ဒေသအတော်များများနဲ့ အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်–၁၉ ကန့်သတ်မှုတွေကို ခဝါချပြီး ပြန်လည်ဖွင့်လှစ်မှုတွေတောင် လုပ်ဆောင်နေပါပြီ။ ဒါပေမယ့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ ကိုဗစ်–၁၉ ကူးစက်မှုအခြေအနေဟာ ကမ္ဘာလုံးအတိုင်းအတာနဲ့ မြင့်နေသေးတယ်လို့ ဖော်ပြလိုက်ပါတယ်။

ကမ္ဘာတစ်ဝန်း လွန်ခဲ့တဲ့ ၂၄ နာရီအတွင်းမှာ ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူပေါင်း ၁၃၆၀၀၀ ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အကြီးအကဲ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒါနွမ်ဂီဘရီယက်စ်ဆုစ်က ဇွန် ၈ ရက်က ပြောကြားလိုက်ပါတယ်။ ဒါဟာ တစ်နေ့တည်းမှာ ကိုဗစ်–၁၉ ကူးစက်ခံရတဲ့ အများဆုံးအရေအတွက်လည်း ဖြစ်ပါတယ်။ ကူးစက်ခံရသူအများစုကတော့ အမေရိကနဲ့ တောင်အာရှတို့က ဖြစ်ပါတယ်။

ဥရောပရဲ့ ကိုဗစ်–၁၉အခြေအနေဟာ တိုးတက်ကောင်းမွန်လာသော်လည်း ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ ဆိုးရွားမှုတွေဖြစ်နေတုန်းပဲလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။ ကိုဗစ်–၁၉ အခြေအနေ တိုးတက်ကောင်းမွန်လာတဲ့ နိုင်ငံတွေအနေနဲ့ ကြောက်စရာအကောင်းဆုံး ခြိမ်းခြောက်မှုတစ်ခုကတော့ မိမိကိုယ်တိုင် ကျေနပ်နှစ်သိမ့်နေတာပဲလို့ သူက ဆက်ပြောလိုက်ပါတယ်။

## အဆုံးသတ်ပြီလို့ မမှတ်ယူစေချင်

ဒီကပ်ဆိုးကြီး ကူးစက်ဖြစ်ပွားမှုဟာ ခြောက်လကျော်ထဲ ဝင်ရောက်လာတဲ့အချိန်မှာ နိုင်ငံတွေအနေနဲ့ ဒါကို အဆုံးသတ်သွားပြီလို့ မမှတ်ယူစေချင်ဘူးလို့ သူက ဆိုပါတယ်။ သူ့ရဲ့ သတိပေးမှုတွေက မှန်ကန်ခဲ့တယ်လို့ပဲ ဆိုရပါမယ်။ သီတင်းပတ် ၁၀ ပတ်ကျော်ကြာအောင် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပြီးနောက် ပြီးခဲ့တဲ့ ဇွန် ၈ ရက်လောက်က ကန့်သတ်ချက်အချို့ကို ဖယ်ရှားပေးခဲ့တဲ့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်–၁၉ ကူးစက်ခံရမှုနဲ့ သေဆုံးမှုနှုန်းတွေဟာ ရုတ်တရက် မြင့်တက်လာခဲ့ပါတယ်။

မြို့တော်ဒေလီမှာရှိတဲ့ အာဏာပိုင်တွေက ကိုဗစ်–၁၉ ကူးစက်မှုဟာ လာမယ့်သီတင်းပတ်တွေမှာ ငါးသိန်းလောက်အထိ မြင့်တက်လာနိုင်တယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။

ကိုဗစ်–၁၉ ဟာ ကမ္ဘာ့အနှံ့ကူးစက်ပျံ့နှံ့မှု မဖြစ်ခင် လွန်ခဲ့တဲ့ နှစ်နှောင်းပိုင်းက တရုတ်နိုင်ငံမှာ စတင်တွေ့ရှိခဲ့တဲ့ အချိန်မှစကာ ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ်–၁၉ ကြောင့် သေဆုံးမှုဟာ ၄၀၆၀၀၀ ကျော်လွန်ခဲ့ပြီး ကူးစက်ခံရသူပေါင်းဟာလည်း ခုနစ်သန်းကျော်လာပါတယ်။ ကမ္ဘာ့လူဦးရေအချို့ဟာ အသွားအလာကန့်သတ်မှုတွေနဲ့နေထိုင်နေရပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ဆိုးရွားလာစေခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အစိုးရတွေဟာ ကိုဗစ်–၁၉ ကန့်သတ်ချက်တွေကို သတိနဲ့ဖြေလျှော့ရင်း စီးပွားရေးဦးမော့လာအောင် ပြန်လည်လုပ်ဆောင်နေသလို တစ်ဖက်ကလည်း ကိုဗစ်–၁၉ ကူးစက်မှု နောက်တစ်ခါမြင့်တက်လာမယ့်အရေးကိုလည်း သတိထားပြီး ရှောင်ရှားနေကြပါတယ်။

## အီဖယ်မျှော်စင်ကြီး ပြန်ဖွင့်တော့မည်

ဇွန် ၈ ရက်က ထုတ်ပြန်ခဲ့တဲ့ အင်ပီရီယယ်ကောလိပ်လန်ဒန်ရဲ့လေ့လာမှုစစ်တမ်းအရ ကိုဗစ်–၁၉ ကန့်သတ်ချက်ကြောင့် ဥရောပ ၁၁ နိုင်ငံမှာရှိတဲ့ လူဦးရေ ၃ ဒသမ ၁ သန်းကို သေဆုံးမှုမှ ကာကွယ်ပေးနိုင်ခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။

ဆိုက်ပရပ်စ်ဟာ သုံးလနီးပါး ကန့်သတ်ပိတ်ဆို့မှုတွေလုပ်ပြီးနောက်မှာ ဇွန် ၉ ရက်က အစ္စရေး၊ ဂရိနဲ့ ဘူလ်ဂေးရီးယားကလာတဲ့ သူ့ရဲ့ ပထမဆုံးကမ္ဘာလှည့်ခရီးသည်လေယာဉ်တွေကို ကြိုဆိုခဲ့ပါတယ်။ နွေရာသီခရီးသွားရာသီကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်တဲ့အနေနဲ့ အားလပ်ရက်အတွင်းမှာ ကိုဗစ်–၁၉ တွေ့ရှိတဲ့ ခရီးသွားတွေအတွက် ဆေးဖိုးဝါးခကုန်ကျစရိတ်ကိုလည်း တောင်းခံထားပါတယ်။

ပြင်သစ်နိုင်ငံရဲ့ အာဏာပိုင်တွေကလည်း အီဖယ်မျှော်စင်ကြီးကို လာမယ့် ဇွန် ၂၅ ရက်မှာ ပြန်လည်ဖွင့်လှစ်မယ်လို့ ပြောကြားလိုက်ပါတယ်။ ဒါဟာ ဒုတိယကမ္ဘာစစ်ကတည်းက အချိန်ကာလအကြာဆုံး ပိတ်ခဲ့ရတဲ့ အီဖယ်မျှော်စင်ကြီးကို မကြာမီ ပြန်တွေ့ရတော့မယ့် ဝမ်းမြောက်ဖွယ်သတင်းလည်း ဖြစ်ပါတယ်။

## အဆိုးဆုံးကို ပြင်ဆင်ပြီး အကောင်းဆုံးကို ဆောင်ရွက်

တခြားနိုင်ငံတွေကလည်း ကိုဗစ်–၁၉ နဲ့ ပတ်သက်ပြီး အတော်လေး သတိထားဆောင်ရွက်နေကြပါတယ်။ စပိန်နိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးက ပါးစပ်နှာခေါင်းစည်းတွေဝတ်ဆင်တာ ကိုဗစ်–၁၉ကို မကာကွယ်၊ မတွန်းလှန်နိုင်မချင်း၊ ကာကွယ်ကုသဆေး မတွေ့မချင်း မဖြစ်မနေလုပ်ရမယ်လို့ ပြောကြားခဲ့ပါတယ်။ စပိန်နိုင်ငံဟာ ဥရောပမှာ ကိုဗစ်–၁၉ ဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ ကူးစက်ခံရမှုနဲ့ သေဆုံးမှု ၅၀၀၀၀ နီးပါး ဖြစ်လာတဲ့ ဗြိတိန်နိုင်ငံမှာလည်း နိုင်ငံတွင်း ဝင်ရောက်လာတဲ့ ဗြိတိန်နိုင်ငံသားအပါအဝင် ဘယ်သူမဆို သီတင်းပတ်နှစ်ပတ်ကြာ အသွားအလာ စောင့်ကြည့်မှုကို လုပ်ဆောင်ရမယ့် ပြဋ္ဌာန်းချက်ကို ဖော်ပြခဲ့ပါတယ်။

ဗြိတိန်အစိုးရက ဝန်ထမ်းအင်အား မလုံလောက်မှုနဲ့ တင်းကျပ်ပြီး ဘေးကင်းလုံခြုံတဲ့ လုပ်ထုံးလုပ်နည်းတွေကို လုပ်ဆောင်ဖို့ မဖြစ်နိုင်သေးတာကြောင့် မူလတန်းကျောင်းသားအားလုံးကို ကျောင်းပြန်တက်ဖို့ မစီစဉ်ပေးနိုင်သေးပါဘူး။

လက်တင်အမေရိကမှာလည်း နိုင်ငံတွေအနေနဲ့ ကိုဗစ်–၁၉ ကူးစက်မှုမြင့်မားလာတာကြောင့် အဆိုးဆုံးကို ပြင်ဆင်ထားပြီး အကောင်းဆုံးကို ဆောင်ရွက်နေကြပါတယ်။ လက်တင်အမေရိက နိုင်ငံတွေမှာဆို ဘရာဇီး၊ မက္ကဆီကိုနဲ့ ပီရူးနိုင်ငံတွေဟာ ကိုဗစ်–၁၉ ကူးစက်မှုကို အဆိုးဆုံး ခံစားနေရပါတယ်။ ဘရာဇီးနိုင်ငံဟာ သေဆုံးသူ ၃၆၀၀၀ ကျော် မြင့်တက်လာမှုနဲ့အတူ ကမ္ဘာ့တတိယသေဆုံးမှုနှုန်း အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာသော်လည်း ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရိုကတော့ ဗိုင်းရပ်စ်ရဲ့ ရိုက်ခတ်မှုအပေါ် လျှော့တွက်ပြီး ဒေသဆိုင်ရာအာဏာပိုင်တွေကို ကန့်သတ်ပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့ တိုက်တွန်းပြောကြားထားပါတယ်။ ။

**ကိုးကား–အေအက်ဖ်ပီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## အာဂျင်တီးနားတွင် ကန့်သတ်ပိတ်ဆို့မှုများ ပြန်လည်တင်းကျပ်

**ဗျူနိုအေရိစ် ဇွန် ၁၁**

အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်မှုနှုန်း နေ့စဉ်မြင့်တက်လာကြောင်း ဖော်ပြပြီး နောက်ပိုင်းတွင် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများကို ပြန်လည်ချမှတ်လိုက်ကြောင်း သမ္မတ အယ်လ်ဘာတို ဖာနန်ဒက်ဇ်က ပြောကြားလိုက်သည်။

မိမိတို့သည် ယခုအချိန်အထိ ကိုဗစ်–၁၉ အခက်အခဲကို မကျော်လွှားနိုင်သေးကြောင်း သမ္မတက ဆက်လက်ပြောကြားလိုက်သည်။ မိမိတို့အနေဖြင့် အလွန်သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖာနန်ဒက်ဇ်က ဆက်လက်ပြောကြားလိုက်သည်။

အာဂျင်တီးနားနိုင်ငံတွင် ဇွန် ၉ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၁၁၄၁ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် ကိုဗစ်–၁၉ စတင်တွေ့ရှိကြောင်း မှတ်တမ်းတင်ခဲ့သည့် မတ် ၃ ရက်မှစကာ တစ်နေ့တည်း အများဆုံးကူးစက်ခံရသည့် ပမာဏဖြစ်သည်။

ကူးစက်ပျံ့နှံ့မှုသည် တစ်နေ့ပြီးတစ်နေ့ လျင်လျင်မြန်မြန် ဖြစ်လာကြောင်းနှင့် မိမိတို့သည် ကန့်သတ်ပိတ်ဆို့မှု အဆင့်–၁ ထဲတွင်သာ ရှိနေသင့်ကြောင်း ဖာနန်ဒက်ဇ်က ဆက်လက်ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## ကိုဗစ်-၁၉ တိုက်ဖျက်ရန် တရုတ်၏ ဆေးဘက်ဆိုင်ရာ အကူအညီများ လစ်ဗျားသို့ ရောက်ရှိတော့မည်

**ထရီပိုလီ ဇွန် ၁၁**

လစ်ဗျားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက တရုတ်နိုင်ငံ၏ ကိုဗစ်–၁၉ ကို တိုက်ဖျက်ရန် ဆေးဘက်ဆိုင်ရာ အကူအညီပေးပို့မှုများသည် တူနီးရှား၏ တူးနစ်–ကာသေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီဖြစ်ကာ မကြာမီ ရက်အနည်းငယ်အတွင်း လစ်ဗျားသို့ လွှဲပြောင်းပေးပို့နိုင်မည်ဖြစ်ကြောင်း သံရုံးက ပြောကြားလိုက်သည်။

အဆိုပါဆေးဘက်ဆိုင်ရာ အကူအညီများတွင် ကိုဗစ်–၁၉ စစ်ဆေးရန် နျူကလိယပ်စ်အက်ဆစ်သုံး စမ်းသပ်စစ်ဆေးမှုကိရိယာ ၈၃၄ ခု၊ အကာအကွယ်ဝတ်စုံ ၅၀၀၀၊ N–95 ပါးစပ်နှာခေါင်းစည်း ၁၅၀၀၀၊ ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း ၁၀၀၀၀၀၊ မျက်စိကာမျက်မှန် ၅၀၀၀၊ လက်အိတ် ၅၀၀၀ တို့ ဖြစ်ကြောင်း သံရုံးက ပြောကြားသည်။

လစ်ဗျားနိုင်ငံ၏ အမျိုးသားရောဂါထိန်းချုပ်ရေးဌာနက လစ်ဗျားနိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြုလူနာ ၃၅၉ ဦး ရှိလာပြီး သေဆုံးသူငါးဦးရှိကြောင်း ပြောကြားခဲ့သည်။ ကိုဗစ်–၁၉ကို တိုက်ဖျက်ရာတွင် လစ်ဗျားအာဏာပိုင်များသည် နယ်စပ်များကို ပိတ်လိုက်သကဲ့သို့ စာသင်ကျောင်းများလည်း ပိတ်ထားကြောင်း၊ ထို့အတူ လူစုလူဝေးများကိုလည်း တားမြစ်ထားကာ ညမထွက်ရအမိန့်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

❁ ကျောဖုံးမှ

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၁) ဦး | (၂၆၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၁-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု
(၁၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 250 | ၂၆ နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့နယ်) |
| 251 | ၇၀ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဒဂုံမြို့နယ်) |
| 252 | ၁၅ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 253 | ၁၀ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 254 | ၂၂ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 255 | ၁၇ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဗိုလ်တထောင်မြို့နယ်) |
| 256 | ၂၈ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 257 | ၂၄ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 258 | ၁၄ နှစ် | မ | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 259 | ၁၅ နှစ် | မ | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 260 | ၆၇ နှစ် | မ | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရာတွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၅၄)ခုနှင့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – MDY)မှ ဓာတ်ခွဲနမူနာ (၂၇၄)ခု၊ စုစုပေါင်း (၈၂၈)ခု အား (၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် အစောပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၁၁-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၉) ဦးရှိပါသည်။

၃။ (၁၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၀၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL–MDY)မှ ဓာတ်ခွဲနမူနာ (၂၇၄)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) ဓာတ်ခွဲနမူနာ (၇၇) ခု၊
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၆၁၃) ခုအား စစ်ဆေးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၁၀-၆-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု
(၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့်ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 249 | ၂၄ နှစ် | မ | မိုးကောက်မြို့နယ်၊ ကချင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ဖားကန့်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၁၁**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center ဖုန်းနံပါတ်–(၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များ အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဇွန် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာ၌ ကိုယ်ပိုင်အထက်တန်းကျောင်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်

**မိတ္ထီလာ ဇွန် ၁၁**

မိတ္ထီလာ၌ လာမည့်ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများနည်းတူ ကိုယ်ပိုင် အထက်တန်းကျောင်းများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**



"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီရဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်တွေနဲ့အညီ မိတ္ထီလာမြို့နယ်အတွင်းက ကိုယ်ပိုင်အထက်တန်းကျောင်းတွေကို ဇူလိုင်လအတွင်းမှာ ဖွင့်လှစ်နိုင်ဖို့ ပြင်ဆင် ဆောင်ရွက်နေပါတယ်။ ကျောင်းလာတက်မယ့် ကျောင်းသူကျောင်းသားတွေကို ကျောင်းအဝင်ဝမှာ ကိုယ်အပူချိန်တိုင်းမယ်၊ နှာခေါင်းစည်း အခမဲ့ပေးနိုင်ဖို့အပြင် မျက်နှာအကာတွေလည်း တပ်ဆင်စေမှာဖြစ်ပါတယ်။ လက်ဆေးဖို့အတွက်လည်း လက်ဆေးစင်တွေကို ကျောင်းအဝင်ဝမှာထားရှိဖို့ ပြင်ဆင်ထားပါတယ်။ ကျောင်းပို့ကျောင်းကြိုမယ့် အုပ်ထိန်းသူတွေကိုလည်း ကျောင်းသား တစ်ဦးကို အုပ်ထိန်းသူတစ်ဦးကပဲ လာပို့ဖို့နဲ့ ကျောင်းပြင်ပကပဲ စနစ်တကျ အပို့အကြိုလုပ်ဖို့ စည်းကမ်းချက်တွေလည်း အသိပေးမတ္တာရပ်ခံထားမှာဖြစ်ပါတယ်"ဟု ငွေသဇင် ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဦးဖိုးသန်းက ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်း ကိုယ်ပိုင်အထက်တန်းကျောင်း ၁၃ ကျောင်း၊ ကိုယ်ပိုင် အလယ်တန်းကျောင်း တစ်ကျောင်းနှင့် ကိုယ်ပိုင်မူလတန်းကျောင်း တစ်ကျောင်းရှိပြီး အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) များ နည်းတူ ဇူလိုင် ၁၃ ရက်မှစတင်ပြီး အထက်တန်းအဆင့် ကျောင်းသူ ကျောင်းသားများအား စတင် ကျောင်းအပ်လက်ခံနိုင်ရေးအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ မြို့နယ်အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားခြင်း ရှိမရှိကို မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီးမှသာ စည်းကမ်းချက်နှင့် ကိုက်ညီသည့် ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## လဟယ်မြို့တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် မြို့ဝင်ဂိတ်များတွင် စစ်ဆေးဆောင်ရွက်

**လဟယ် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းနှင့်ပတ်သက်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ရောဂါကာကွယ်ရေး လုပ်ငန်းအဖြစ် မြို့အဝင် ဂိတ် (၁) နှင့် (၂) တို့တွင် ခရီးသွားပြည်သူများအား ခရီးသွားလာမှုကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရောဂါကာကွယ်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် နာဂဒေသ လဟယ်မြို့သည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး နာဂလူမျိုးအများစုသည် အိန္ဒိယနိုင်ငံသို့ ပညာသင်ကြားသူများ၊ သွားရောက်နေထိုင်သူများ၊ အလုပ်အကိုင် သွားရောက်လုပ်ကိုင်သူများ ရှိသည်။

ယခု ထိုသူများသည် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် မိမိနိုင်ငံ နေအိမ်များသို့ ပြန်ရောက်လာသူများရှိပြီး ထိုသူများမှ ရောဂါသယ်ယူလာခြင်း မရှိစေရေးအတွက် မြို့အဝင် စစ်ဆေးရေးဂိတ် (၁) နှင့် (၂) တို့တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ လဟယ်မြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်သူ အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်းတွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး သုံးဦး၊ ယမ်းကြဲ့ကျေးရွာတွင် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသော အမျိုးသား တစ်ဦးကို အထက်တန်းကျောင်းဆောင် ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင်ထားရှိပြီး လဟယ်မြို့ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ စုစုပေါင်း ခြောက်ဦးရှိကြောင်း ကိုဗစ်–၁၉ ကာကွယ်တားဆီးရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ပါမင်းလှိုင် (ပြန်/ဆက်)**

# ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများ တွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယမန်နေ့နှင့် ယနေ့ တို့တွင် ရှမ်းပြည်နယ် နမ္မတူမြို့နယ်ရှိ ကြူဆော့၊ လီဆူ၊ ကချင်နှစ်ခြင်း IDP စခန်း စုစုပေါင်း သုံးခုသို့ သွားရောက်၍ Hand Speaker သုံးခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခုတို့ကို ထောက်ပံ့ခဲ့သည်။

အလားတူ ချင်းပြည်နယ် ဆမီးမြို့နယ်ရှိ တိုက်ပွဲရှောင် စခန်း ခုနစ်ခုသို့ သွားရောက်၍ ဗီနိုင်း ၁၄ ခုအား လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဘောဒူဖ (၁)၊ ဒါးပိုင်၊ သက္ကေပြင် IDP စခန်း သုံးခုနှင့် မင်းပြားမြို့နယ်ရှိ ကျွန်းတောရွှေဖောင်တောဘုန်းကြီးကျောင်း၊ ရွာသစ်ကေ ဘုန်းကြီးကျောင်း၊ နရမ်းရွာကြီးဓမ္မာရုံ၊ နရမ်းအုပ်စု ဘုန်းတော်ကြီးကျောင်း၊ သေကန်ဘုန်းတော်ကြီးကျောင်း၊ အမ်းသားဘုန်းတော်ကြီးကျောင်း စုစုပေါင်းတိုက်ပွဲရှောင် စခန်း ခြောက်ခုသို့ သွားရောက်၍ ဆပ်ပြာ ၂၃၆၉ တောင့်၊ အဝတ် နှာခေါင်းစည်း ၄၇၃၈ ခု၊ လက်သန့်ဆေးရည်ဘူး ၁၁၈၀၊ အပူချိန်တိုင်းကိရိယာ ခြောက်ခု၊ ဗီနိုင်း ၁၇ ခု၊ Hand Speaker ခြောက်ခု၊ ဆပ်ပြာခဲ ၃၅၀၀၊ ဆပ်ပြာရည် ၈၆ ဘူး၊ Surgical Mask ၃၅၀၀ နှင့် ကိုဗစ် -၁၉ အသိပညာ ပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick ခြောက်ခု တို့အား ထောက်ပံ့ခဲ့သည်။ (ယာပုံ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှု လုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေး နှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေး မှု ဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ဇွန် ၁၁ ရက်၌ ၆၇၀ ဝင်ရောက်

**မြဝတီ ဇွန် ၁၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၇၀ သည် ယနေ့တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၏ ခွင့်ပြုချက်ရယူ ကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများ ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာ ရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်း မရှိဘဲ ၂၂ ရက်တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ယနေ့ ဇွန် ၁၁ ရက်တွင် ၆၇၀ ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၅၃၀၄ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူ များအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည် ဝင်ရောက်သူများနှင့် မေ ၁၇ ရက်ဝင်ရောက်သူ ၉၀ ဦးအနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦး၊ ဇွန် ၄ ရက်တွင် ဝင်ရောက်သူ ၁၂၀၄ ဦးအနက် ၁၂၃ ဦး၊ ဇွန် ၈ ရက်တွင် ဝင်ရောက်သူ ၉၄၆ ဦးအနက် ၃၅ ဦး၊ ဇွန် ၁၀ ရက်တွင် ဝင်ရောက်သူ ၉၉၄ ဦးအနက် ၁၁၉ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ် ကျခံရပြီးသောသူများနှင့် အချုပ်မှပြန်လည် လွတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်းဖြစ်သည်။ ယနေ့ ပြန်လည် ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၂၅ ဦး၊ အမျိုးသမီး ၂၄၅ ဦး စုစုပေါင်း ၆၇၀ ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



# ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုမှ အခြေခံစားကုန်များအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**ကန်ကြီးထောင့် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုမှ ကျန်းမာ ရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော အခြေခံစားကုန်များအား ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကန်ကြီးထောင့်မြို့နယ် သမဝါယမဦးစီးဌာနရုံး၊ ကန်ကြီးထောင့် စတိုးသမဝါယမ အသင်းဆိုင်၊ ဒါးကကျေးရွာ ခိုင်ရတနာစတိုးသမဝါယမအသင်းဆိုင်နေရာများ တွင် ဇွန် ၅ ရက်မှ စတင်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းသားများအား အတိုးမပါ ကုန်ကြွေး အရစ်ကျဆပ် စနစ်ဖြင့်လည်း ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်




# နမ္မတူမြို့နယ် IDP စခန်း သုံးခုရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

**နမ္မတူ ဇွန် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နမ္မတူ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ IDP စခန်း သုံးခုရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်ရှိ ကြူဆော့ IDP စခန်း ခန်းမ၌ ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ကျောက်မဲခရိုင် လူမှု ဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က ကိုယ်ဝန်ဆောင် မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နမ္မတူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ တာဝန်ရှိသူများက နမ္မတူမြို့နယ်ရှိ ကြူဆော့ (IDP) စခန်း၊ ကချင် IDP စခန်း၊ လီဆူး IDP စခန်းတို့မှ ကိုယ်ဝန်ဆောင်မိခင် သုံးဦး၊ အသက် နှစ်နှစ်အောက်ကလေး ၂၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၃၂ ဦးအတွက် ငွေကျပ် ၉၆၀၀၀၀ အား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

# ကိုဗစ်-၁၉ ကာလ ချည်မျှင်ရှည်ဝါအထူးဇုန် စိုက်ပျိုးရေးအတွက် ပံ့ပိုးပစ္စည်းထောက်ပံ့

**ပြင်ဦးလွင် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလအတွင်း ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုး/မိုးနှောင်း ချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၅၀ စိုက်ပျိုးရေးအတွက် ဝါမျိုးစေ့၊ ဓာတ်မြေသြဇာနှင့် မျိုးစေ့ လူးနယ်ဆေး များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က လွန်ကောင်းကျေးရွာအုပ်စု ဝါးနက်ကျေးရွာ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးဦးအောင်လွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည် မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးဦးတို့က တောင်သူများအား ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



# ဇွန် ၁၁ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ၁၂ ဦး တွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၀ ရှိပြီ

**နေပြည်တော် ဇွန် ၁၁**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၁၂ ဦးတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၀ ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၂ ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး၊ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၀ ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ တစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၀ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၆၀ အနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၆၅ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုသူ ၁၅၀ ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၃၉၃၆ | ၂၆၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၆၅ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း – ၅၃၇၅**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၅၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၇ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၆၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၁၁-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၆၈၀၃၉ | ၈၀၈၅၅၆ | ၁၁၅၁၆၆ |
| ၂။ | ဘရာဇီး | ၇၇၅၅၈၁ | ၃၉၆၆၉၂ | ၃၉၈၀၃ |
| ၃။ | ရုရှား | ၅၀၂၄၃၆ | ၂၆၁၁၅၀ | ၆၅၃၂ |
| ၄။ | ဗြိတိန် | ၂၉၁၄၀၉ | စိစစ်ဆဲ | ၄၁၂၇၉ |
| ၅။ | အိန္ဒိယ | ၂၈၉၉၃၆ | ၁၄၂၉၅၄ | ၈၁၄၃ |
| ၆။ | စပိန် | ၂၈၉၃၆၀ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၇။ | အီတလီ | ၂၃၅၇၆၃ | ၁၆၉၉၃၉ | ၃၄၁၁၄ |
| ၈။ | ပီရူး | ၂၀၈၈၂၃ | ၉၈၀၃၁ | ၅၉၀၃ |
| ၉။ | ဂျာမနီ | ၁၈၆၅၄၇ | ၁၇၁၂၀၀ | ၈၈၄၅ |
| ၁၀။ | အီရန် | ၁၈၀၁၅၆ | ၁၄၂၆၆၃ | ၈၅၈၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ – ၆ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၉၃၈၇ | ၂၆၅၃၂ | ၂၅ |
| အင်ဒိုနီးရှား | ၃၅၂၉၅ | ၁၂၆၃၆ | ၂၀၀၀ |
| ဖိလစ်ပိုင် | ၂၄၁၇၅ | ၅၁၆၅ | ၁၀၃၆ |
| မလေးရှား | ၈၃၆၉ | ၇၀၆၅ | ၁၁၈ |
| ထိုင်း | ၃၁၂၅ | ၂၉၈၇ | ၅၈ |
| ဗီယက်နမ် | ၃၃၂ | ၃၂၁ | ၀ |
| မြန်မာ | ၂၆၀ | ၁၆၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ကစားသမားများနှင့် ဒိုင်လူကြီးများအတွက် ဒုတိယအကြိမ် လှူဒါန်း

**ရန်ကုန် ဇွန် ၁၁**

ဧရာဝတီဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဝန်ထမ်းများ၊ ဖူဆယ်ကလပ်အသင်းများမှ ကစားသမားများနှင့် ဒိုင်လူကြီးများအတွက် ဆန်နှင့် အစားအသောက်များအား ဒုတိယအကြိမ် လှူဒါန်းခြင်းကို ယမန်နေ့က သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနား၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲမွန်ထွဋ်နှင့် ဒုတိယဥက္ကဋ္ဌဦးနိုင်သောင်းထိုက်တို့က ဖူဆယ်ကလပ်အသင်းများမှ ကစားသမား ၂၇၅ ဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဝန်ထမ်း ၂၂၉ ဦးနှင့် ဒိုင်လူကြီး ၄၀ တို့အား ဆန်၊ ဆီနှင့် ငါးသေတ္တာဘူးများ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့ပြင် ဇွန် ၁၁ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာနှင့် သတင်းဆက်သွယ်ရေးကော်မတီနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့ပူးပေါင်း၍ သက်ကြီးအားကစားမီဒီယာနှင့် အားကစားသတင်းထောက် ၁၃၈ ဦးအား ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး ငွေကြေးနှင့် ဆေးဝါးများ၊ ကုသရေးစက်ပစ္စည်းများ၊ ဆန်နှင့် ထောက်ပံ့ပစ္စည်းများ၊ အခြားလိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆေးရုံများနှင့် အကူအညီလိုအပ်နေသည့် နေရာဒေသအသီးသီးသို့ လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။ **ရဲရင့်ရှိုင်း**

# ဟဲဟိုးမြို့မှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များအား မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဖြန့်ဖြူးရောင်းချ

**ဟဲဟိုး ဇွန် ၁၁**

ရှမ်းပြည်နယ် ဟဲဟိုးမြို့ရှိ တောင်သူများစိုက်ပျိုးသော သီးနှံထွက်ကုန်များသည် ကိုဗစ်–၁၉ ကာလအတွင်း ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရန် အခက်အခဲဖြစ်နေချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမ ဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ဟဲဟိုးမြို့ရှိ သီးနှံစိုက်တောင်သူများထံမှ ဂေါ်ဖီထုပ်ပိဿာ ချိန် ၁၀၀၀၀ ကို ဝယ်ယူ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မင်းလှ၊ ဆိပ်ဖြူမြို့နယ်များရှိ အခြေခံသမဝါယမ အသင်းသားပြည်သူများထံသို့ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀ ဖြစ်သော်လည်း သမဝါယမမှ အမြတ်အစွန်းမယူဘဲ သယ်ယူပို့ဆောင်ခအပြီး ငွေကျပ် ၁၈၅ ကျပ်နှုန်းဖြင့်သာ ပြန်လည်၍ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဇွန် ၆ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၇ မြို့နယ်ရှိ နေရာ ၁၀၁ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၁၂ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၃ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၆ ရက်က ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

# ကိုဗစ်-၁၉ ကာလ ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် ပလတ်စတစ်အမှိုက်နှင့် စားသောက်ကုန်များ လဲလှယ်ပေး

**တောင်တွင်းကြီး ဇွန် ၁၁**

နေထိုင်ရာ ပတ်ဝန်းကျင်တွင် ပလတ်စတစ် အမှိုက်ကင်းစင်စေရန် ပလတ်စတစ်အမှိုက်နှင့် ဟင်းသီးဟင်းရွက်များအပါအဝင် စားသောက်ကုန်များကို ကိုဗစ်-၁၉ ကာလအတွင်း လဲလှယ် ပေးလျက်ရှိကြောင်း တောင်တွင်းကြီးမြို့ စားနပ်ရိက္ခာထောက်ပံ့ရေးစင်တာ တာဝန်ရှိသူတစ်ဦးဖြစ်သော ကိုအောင်ကျော်ကျော်က ဇွန် ၁၁ ရက်က ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အစားအသောက် အခက်အခဲဖြစ်နေသော ပြည်သူများ အဆင်ပြေစေရန်၊ မြို့တွင်း/မြို့ပြင်လည်း ပလတ်စတစ်အမှိုက်ကင်းစင်စေရန်နှင့် ကိုဗစ်-၁၉ ကာလအတွင်း သီးနှံထွက်ကုန်များ ရောင်းချရာတွင် တောင်သူများလည်း အဆင်ပြေပြီး ဝင်ငွေရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အဆိုပါအစီအစဉ်ကို စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



စားနပ်ရိက္ခာထောက်ပံ့ရေးစင်တာမှ တာဝန်ရှိသူများ အမှိုက်ထုပ်များနှင့် စားနပ်ရိက္ခာများ လဲလှယ်ပေးနေစဉ်။

အဆိုပါ ပလတ်စတစ်အပါအဝင် အမှိုက်များနှင့် စားသောက်ကုန်များ လဲလှယ်ပေးမှုကို ဇွန် ၁ ရက်မှစတင် ဆောင်ရွက်ခဲ့ပြီး ယခုဆိုလျှင် သုံးကြိမ်မြောက်အထိ လဲလှယ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ လဲလှယ်ရာတွင် ပလတ်စတစ်အမှိုက် တစ်ထုပ်နှင့် ကန်စွန်းရွက်၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ သရက်သီး၊ ငါးသေတ္တာဘူး၊ ဖူဂျီဆပ်ပြာခရင်၊ ကော်ဖီ စသည်တို့အပြင် အဓိက ဟင်းချက်စရာ အသီးအရွက်များနှင့် လဲလှယ်ပေးခြင်း ဖြစ်သည်။

ထိုသို့ လဲလှယ်ရာတွင် တစ်ကြိမ်လျှင် လာရောက်လဲလှယ်သူဦးရေ ၅၀၀ ကျော်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်ကားနှစ်စီးစာခန့်ရှိသည့် ပလတ်စတစ်အမှိုက်များကို သိမ်းဆည်းစွန့်ပစ်ပေးနိုင်သည်ဟု စားနပ်ရိက္ခာထောက်ပံ့ရေးစင်တာမှ ကိုအောင်ကျော်ကျော်က ပြောသည်။

ပလတ်စတစ်အမှိုက်နှင့် ဟင်းသီးဟင်းရွက်လဲလှယ်ပေးသည့် အစီအစဉ်ကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်တွင် ဆောင်ရွက်နေခြင်း ဖြစ်သည်။ တောင်တွင်းကြီးမြို့၏ စွန့်ပစ်အမှိုက်ပုံကြီးနှစ်ပုံနှင့် ဝေးသောနေရာ၊ ဆင်းရဲချို့တဲ့သူများ အများဆုံးနေထိုင်သော နေရာများတွင် အထူးသဖြင့် ရွေးချယ် စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို တောင်တွင်းကြီးမြို့၏ လူမှုရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်လေ့ရှိသည့် တိုက်သစ်ကျောင်း ဆရာတော် ဦးပညာဝုဓ၊ ဒေါက်တာကျော်ဆွေနှင့် ကိုအောင်ကျော်ကျော်တို့က ဦးဆောင်၍ စတင်အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

ကနဦး ဦးဆောင်သူများ၏ ငွေကြေးဖြင့်သာ စိုက်ထုတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် စေတနာရှင်ပြည်သူများ၏ အလှူငွေများဖြင့် ဆက်လက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# တွံတေး၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေး ကိုယ်ပူဖျားနာဆေးကုခန်း နေရာပြောင်းရွှေ့ဖွင့်လှစ်ကုသပေး

**တွံတေး ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် ကိုယ်ပူဖျားနာဆေးကုခန်းကို ယခင်က တွံတေးမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ဖွင့်လှစ်ခဲ့ခဲ့ရာမှ ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် လျာထားသဖြင့် ဇွန် ၁၁ ရက်မှစတင်၍ အုန်းပင်စုရပ်ကွက် သာသနဗိမာန်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်သူများသိရှိစေရေး နှိုးဆော်ထားကြောင်း သိရသည်။

“ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား ဆောလျင်စွာ သိရှိနိုင်ရေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအား စနစ်တကျ ကုသမှုပေးနိုင်ရေး၊ ရောဂါပြန့်ပွားမှုအား ဆောလျင်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဖျားနာဆေးကုခန်း ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ ဒီဆေးခန်းမှာ အဓိက ဖျားတဲ့သူ၊ ချောင်းဆိုးတဲ့သူ၊ နှာစေးတဲ့သူ၊ လည်ချောင်းနာတဲ့သူ မည်သူမဆို လာရောက်ပြသလို့ရပါတယ်။ ကုသချိန်ကတော့ နံနက် ၈ နာရီကနေ မွန်းတည့် ၁၂ နာရီအထိဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် အပြင်ဆေးခန်း တော်တော်များများက ပိတ်ထားတဲ့အတွက် အဖျားရှိတဲ့သူတွေ၊ ဖျားနေတဲ့သူတွေ၊ ချောင်းဆိုးတဲ့သူတွေ ဘယ်ကို သွားပြရမှန်းမသိ ဖြစ်နေတဲ့အတွက်ကြောင့် ဖျားနာတဲ့သူတွေ လာပြလို့ရအောင် ကိုယ်ပူဖျားနာဆေးကုခန်းကို အခုနေရာပြောင်းရွှေ့ ဖွင့်လှစ်ရခြင်းဖြစ်တယ်” ဟု ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ အရေးပေါ်ကုသမှု ဆေးပညာဌာန လက်ထောက်ကထိက ဒေါက်တာဖြိုးသီဟက ပြောသည်။

အဆိုပါ ဆေးခန်းတွင် စေတနာ့ဝန်ထမ်းဆရာဝန်များဖြစ်သည့် ဒေါက်တာ ကျော်ဇင်ဦး၊ ဒေါက်တာ သူရအောင်၊ ဒေါက်တာ အောင်မြတ်မော်၊ ဒေါက်တာ ဖြိုးသီဟ(၁)၊ ဒေါက်တာ ဖြိုးသီဟ(၂)၊ ဒေါက်တာ သော်တာနှိုင်းစံ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုများ၊ စေတနာ့ဝန်ထမ်းလူငယ်များဖြင့် ကိုယ်ပူဖျားနာကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ယင်း ကိုယ်ပူဖျားနာဆေးခန်းကို တနင်္လာမှ သောကြာနေ့အထိ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# မိုင်းယောင်း၌ အသွားအလာ ကန့်သတ်ခြင်းကာလ ပြည့်ပြီးသူများအား အိမ်ပြန်ခွင့်ပြု

**မိုင်းယောင်း ဇွန် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်ပြီးသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးကို ဇွန် ၁၁ ရက် က အိမ်ပြန်ခွင့် ပေးလိုက်ကြောင်း သိရသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်က “ နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဖို့ လူအများနဲ့ ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချဖို့က အဓိကအကျဆုံးဖြစ်တယ်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသွားအလာကန့်သတ်တဲ့ကာလ ၂၁ ရက်ပြည့်အောင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးသိန်းစိုးနှင့် တာဝန်ရှိသူများက ကျန်းမာရေးထောက်ခံစာများကို တစ်ဦးချင်း ပေးအပ်ခဲ့ပြီး နေအိမ်တွင် အသွားအလာကန့်သတ်ခြင်း နောက်ထပ်ခုနစ်ရက်အတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကိုဗစ်-၁၉ ရောဂါမိမိကစ၍ ကာကွယ်ပါ၊ ပါးစပ်နှင့် နှာခေါင်းစည်းစနစ်တကျဝတ်ဆင်ခြင်း စသည့် ကျန်းမာရေး အသိပညာပေး အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ကိုဗစ်-၁၉ စောင့်ကြည့်ရေးစခန်း မြို့နယ်မိုးလုံလေလုံ အားကစားရုံတွင် အမျိုးသားတစ်ဦး၊ အမျိုးသမီး တစ်ဦး ကန့်သတ်စောင့်ကြည့်ခံယူလျက်ရှိရာ အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက် ပြည့်ပြီး၍ အိမ်ပြန်ခွင့်ပေးလိုက်ပြီးနောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။ **အားချာ (ပြန်/ဆက်)**

## ဖယ်ခုံမြို့နယ်တွင် ငွေကျပ် သန်း ၈၉၀ ကျော်ဖြင့် စိမ့်စမ်းရေသွယ်လုပ်ငန်းများ ဆောင်ရွက်

**ဖယ်ခုံ ဇွန် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေ စုစုပေါင်းကျပ် ၈၉၀ ဒသမ ၉၈၂ သန်းဖြင့် ရှီနွဲ့ကျေးရွာအုပ်စု ရှိ ကျေးရွာများမှ ကျေးရွာ ၂၀ တွင် သောက်သုံးရေဖူလုံစွာ ရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒေါက်တာ ဝင်းမင်းဦးနှင့် တာဝန်ရှိသူများ ဇွန် ၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

နံနက်ပိုင်းတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်လုပ်ငန်းများအနက် စိမ့်စမ်းရေထွက်၌ ဆောင်ရွက်လျက်ရှိသော ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ စက်အင်ဂျင်တပ်ဆင်ပြီးစီးမှုနှင့် ရေထွက်မှ ကျေးရွာအထိ ရေပိုက်လိုင်းသွယ်တန်းပြီးစီးမှုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒေါက်တာဝင်းမင်းဦး၊ ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

အဆိုပါလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေ စုစုပေါင်းခွင့်ပြုငွေကျပ် ၈၉၀ ဒသမ ၉၈၂ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စစ်ဆေးချိန်တွင် လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကာ လုပ်ငန်းများပြီးစီးပါက ယင်းဒေသရှိ လူဦးရေ ၈၀၀၀ ကျော်အတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

**ကိုထွေး(ဖယ်ခုံ)**



## နေပြည်တော် သတင်းစာတိုက်များနှင့် ပုံနှိပ်စက်ရုံ ဝန်ထမ်းအိမ်ရာများရှိ သောက်သုံးရေကန်များတွင် အဘိတ်ဆေးခပ်လုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနအောက်ရှိ နေပြည်တော်ပုံနှိပ်စက်ရုံတို့ရှိ ရုံးဝင်းနှင့် ဝန်ထမ်းအိမ်ရာများရှိ သောက်သုံးရေကန်များတွင် ယနေ့နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေနိုင်သည့် အေးဒီးစ်ခြင်မပေါက်ပွားစေရေးနှင့် ပိုးလောက်လမ်း ကာကွယ်နိုင်ရေးအတွက် ပြည်စံအောင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ လက်ထောက်ကျန်းမာရေးမှူး ဦးကျော်မင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက သတင်းစာတိုက်များနှင့် ပုံနှိပ်စက်ရုံ ရုံးနှင့်ဝန်ထမ်းအိမ်ရာများတွင် အသုံးပြုသည့် သောက်သုံးရေကန် ၆၀ ကျော်တွင် အဘိတ်ဆေးခပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၆ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| ရန်ကုန် ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၂၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| မန္တလေး ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၂၀၀၀ |
| မန္တလေး ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၅၀ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၅၀/၄၉၀ | ကျပ် | ၅၁၅/၅၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀/၆၀၅ | ကျပ် | ၆၃၅/၆၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၀ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၉ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၈ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၀ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၉၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၂၅၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၈၇၆ | ၂၀၅၉၈၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၄၂၈၁ | ၁၆၂၆၈၀၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၅၀၇ | ၃၄၉၆၁၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၉၇၈ | ၅၅၃၈၄၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၄၀၉၉ | ၁၁၀၆၇၃၀၀ |


## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ

မောင်စာဂ

**လွှတ်တော်အသီးသီး၏ဖွဲ့စည်းမှုနှင့် မဲဆန္ဒနယ်များသတ်မှတ်ခြင်းတို့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ လွှတ်တော်အသီးသီး၏ဖွဲ့စည်းမှုကို သိရှိထားကြသင့်သကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဖွဲ့စည်းမှုကိုလည်း သိရှိသင့်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်တို့ကို ကိုးကား၍ အနှစ်ချုပ်မျှဝေပါရစေ။**

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စုစည်းသတ်မှတ်ပုံ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် စုစည်းသည်။ သာဓကအားဖြင့် ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း (ပန်ခမ်း) မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်ဖွဲ့ပြီး “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် သတ်မှတ်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စုစည်းသတ်မှတ်ပုံ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းသည်။ သာဓကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်သည်။ ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊ ကုန်းကြမ်း မြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကိုစုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ် လည်းကောင်း သတ်မှတ်သည်။

**အဆင့်အတန်းတူညီခြင်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖြစ်ကြသည့် အားလျော်စွာ အဆင့်အတန်း တူညီကြသည်။

**ဦးစီးအဖွဲ့များ ဖွဲ့စည်းခြင်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ အသီးသီးဖွဲ့စည်းထားရှိသည်။ ဖော်ပြပါ ဦးစီးအဖွဲ့များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သည်။

**ဦးစီးအဖွဲ့တွင်ပါဝင်ရမည့် အဖွဲ့ဝင်ဦးရေ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦး ပါဝင်ရမည်။

ပထမအချက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သည်။

ဒုတိယအချက်တွင် လုံခြုံရေးတာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာတာဝန်ဖြစ်စေ ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်သည်။

တတိယအချက်တွင် ပထမအချက်နှင့် ဒုတိယအချက်တို့ပါ ပုဂ္ဂိုလ်များက ရွေးချယ်ဖြည့်စွက်ခန့်ထားသည့် ကိုယ်စားလှယ်များ ပါဝင်သည်။

**ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခြင်း**

အထက်ဖော်ပြပါ ပထမအချက်နှင့် ဒုတိယအချက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များသည် မိမိတို့အချင်းချင်းညှိနှိုင်းလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနက် သင့်လျော်သူတစ်ဦးအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌအဖြစ် ရွေးချယ်သည်။

> **“ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းသည်။ သာဓကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်သည်။ ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကိုစုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကိုစုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း သတ်မှတ်”**

ထိုသို့ ရွေးချယ်သည့် ပုဂ္ဂိုလ်အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြရသည်။ နိုင်ငံတော်သမ္မတသည် အမည်စာရင်းတင်သွင်းလာသည့် ပုဂ္ဂိုလ်အား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသည်။ ဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဖြစ်သည်။

**တိုင်းရင်းသားလူမျိုးတစ်ဦးစီကို ရွေးချယ်ခန့်ထားခွင့်ရှိခြင်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေအနည်းဆုံး ၁၀၀၀၀ နှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် တစ်ဦးကျစီကို မိမိတို့အချင်းချင်းညှိနှိုင်း၍ ရွေးချယ်ခန့်ထားသည်။ ရွေးချယ်ခန့်ထားခြင်းခံရသော ဦးစီးအဖွဲ့ဝင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံရမည်။

**သင့်လျော်သောပုဂ္ဂိုလ်များအား ရွေးချယ်ခန့်ထားခွင့်ရှိခြင်း**

ဦးစီးအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦး မပြည့်သေးပါက အဖွဲ့ဝင် အနည်းဆုံး ၁၀ ဦး ပြည့်စေရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်သူများထဲမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များအား မိမိတို့သဘောဆန္ဒအလျောက် ရွေးချယ်ဖြည့်စွက်ခန့်ထားရပါမည်။

**တပ်မတော်သားများကို ဖြည့်စွက်တာဝန်ပေးအပ်နိုင်ခြင်း**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့တွင် ဦးစီးအဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် ဦးစီးအဖွဲ့ဝင် ဦးရေကို တပ်မတော်သားများဖြင့် လိုအပ်သလို ဖြည့်စွက်တာဝန်ပေးနိုင်သည်။ အဆိုပါ တပ်မတော် သားများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများနှင့် ပြည့်စုံရပါမည်။

**ကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်ခွဲဝေပေးအပ်ခြင်း**

ဦးစီးအဖွဲ့၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အချိန်ပြည့်တာဝန်ယူဆောင်ရွက်ရန် ဦးစီးအဖွဲ့ဥက္ကဋ္ဌသည် အနည်းဆုံး သုံးဦးမှ အများဆုံး ငါးဦးအထိပါဝင်သော ဦးစီးအဖွဲ့၏အလုပ်အမှုဆောင်ကော်မတီကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်တို့ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။ ဦးစီးအဖွဲ့ ဥက္ကဋ္ဌသည် ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီနှင့် ညှိနှိုင်းပြီး ဦးစီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအား စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍအသီးသီးတွင် တာဝန်ခွဲဝေပေးအပ်နိုင်သည်။

**ရာထူးသက်တမ်း**

ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်ပြီး ဦးစီးအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းအတိုင်း ဖြစ်သည်။

**ဦးစီးအဖွဲ့ရုံး**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး ဖြစ်သည်။ ထိုတိုင်း သို့မဟုတ် ထိုဒေသ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် ထိုတိုင်း သို့မဟုတ် ထိုဒေသဦးစီးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရပါမည်။

**ဥပဒေပြုခွင့်အာဏာ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် မြို့ပြနှင့်ကျေးရွာစီမံကိန်းများ၊ လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊ ပြည်သူ့ကျန်းမာရေး၊ စည်ပင်သာယာရေးလုပ်ငန်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ စားကျက်မြေများထိန်းသိမ်းရေး၊ သစ်တောများကာကွယ် ထိန်းသိမ်းရေး၊ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စများနှင့် မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စများအတွက် ဥပဒေပြုခွင့်အာဏာရှိသည်။

အနှစ်ချုပ်အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးစီးအဖွဲ့များသည် မိမိတို့၏ တိုင်း သို့မဟုတ် ဒေသအတွင်း အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသကဲ့သို့ သတ်မှတ်ထားသည့် ဥပဒေပြုခွင့်အာဏာများကိုလည်း ကျင့်သုံးကြရသည် ဖြစ်ကြောင်းပါဗျာ။

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ–
  ဖွံ့ဖြိုးတိုးတက် ပေါကြွယ်ဝကြပါစေ၊ ငြိမ်းချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ကိုးကားချက်
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ (စ)၊ (ဆ)၊ ၅၆၊ ၁၉၆၊ ၂၇၅ မှ ၂၈၃
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေ၊

# စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ

## စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရှိရန် အချက်များ

၁။ ဆိုင်သို့ရောက်ရှိလာသည့် စားသုံးသူများအားလုံးကို အဝင်ဝတွင် အပူချိန်တိုင်းရန်နှင့် လက်ဆေးစေရန်။

၂။ စားသုံးသူများ ထိုင်မည့်နေရာသည် လေဝင်၊ လေထွက်ကောင်းသောနေရာ ဖြစ်ရမည်။ လေအေးပေးစက်တပ်ဆင်ထားသော အခန်းဖြစ်ပါက ပြတင်းပေါက်များ ဖွင့်ထားရမည်။

၃။ တစ်ယောက်ချင်းစီ စားနိုင်ပြီး အတူလာရောက်ခြင်းမဟုတ်သူ တစ်ဦးနှင့်တစ်ဦးကြား တွင် ကတ်ထူပြား၊ မှန်ပြား၊ သစ်သားပြားတို့ဖြင့် အကန့် ကန့်ထားပေးပြီး စားသောက် နိုင်ရေး စီစဉ်ပေးရမည်။

၄။ **အတူလာရောက်သည့် ငါးဦးထက် မပိုသော အုပ်စု ဖြစ်ပါက Distancing စားပွဲတွင် အတူ ထိုင်နိုင်အောင် စီစဉ်ပေးရမည်။** (ယခုအချက်ကို လိုက်နာမှုအားနည်းလျက်ရှိကြောင်း သိရှိရပါသဖြင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ပေးပါရန်)

၅။ **ဆိုင်ထိုင်စားသုံးသူများ Social Distancing ဖြစ်စေရေး စားပွဲတစ်ဝိုင်းနှင့် တစ်ဝိုင်း အကြား (၆) ပေ အကွာထားရှိ၍ Partition ကာရံထားပေးရမည်။**

၆။ ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသောအစားအစာ (Buffet, Self-service) များ ရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။

၇။ ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်/ ဇွန်းများသာ အသုံးပြုရမည်။

၈။ အစားအသောက်စာရင်း (Menu) အား ချိတ်ဆွဲထားခြင်း သို့မဟုတ် စားပွဲမှန်အောက် ၌ ထား၍ဖြစ်စေ ထည့်သွင်းပေးထားရမည်။

၉။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေး ပိုစတာများ၊ ဗီနိုင်းများကို လူအများမြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရှိရ မည်။

၁၀။ ငွေရှင်းကောင်တာမှ ငွေလက်ခံသည့် စနစ်ဖြစ်ပါက စားသုံးသူနှင့် တိုက်ရိုက်ထိတွေ့မှု မရှိစေရန် ကောင်တာရှေ့တွင် မှန်ကာထားရမည်။

၁၁။ ဆိုင်အတွင်း အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ (Hand gel) အလွယ်တကူ ထားရှိပေးရမည်။ သန့်စင်ခန်းအတွင်း ရေနှင့် ဆပ်ပြာကို အလွယ်တကူ ထားရှိပေးရမည်။

၁၂။ စားသုံးသူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ (Mask)၊ မျက်နှာကာများ (Face Shield) ကို ဆိုင်အတွင်းသို့မဝင်မီ တပ်ဆင်နိုင်ရန် မှန်ကန်သောဈေးနှုန်း များဖြင့် ရောင်းချပေးရမည်။



စားသောက်ဆိုင်များတွင် Physical Distancing နမူနာပုံစံများ

## စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသောက်ဆိုင်ရှိ ဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယ လက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်း လမ်းညွှန်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဝန်ထမ်းများနှင့် စားသုံးသူ များအား စစ်ဆေးပေးရန် အလှည့်ကျ တာဝန်ချထားရမည်။

၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအား နေ့စဉ်ကိုယ်အပူချိန် တိုင်းတာရန်နှင့်သံသယလက္ခဏာများ ရှိ/မရှိစစ်ဆေး၍ ကိုယ်အပူချိန်မြင့်တက်ခြင်း (သို့မဟုတ်) သံသယလက္ခဏာများရှိပါက စားသောက်ဆိုင်အတွင်းသို့လုံးဝ ဝင်ခွင့် မပြုရပါ။

၃။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကောင်း မွန်မှသာ အလုပ်ဆင်းရမည်။ မိမိကိုယ်တိုင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့် ရောဂါလက္ခဏာ တစ်ခုခုခံစားရပါက အလုပ်နား၍ လိုအပ်သောဆေးကုသမှု ခံယူရ မည်။

၄။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် စားသုံးသူများနှင့်သော်လည်း ကောင်း၊ အချင်းချင်းသော်လည်းကောင်း ရောနှောနေထိုင်ခြင်း မပြုစေဘဲ (၆) ပေ အကွာအဝေးမှ နေထိုင်သွားလာစေရမည်။

၅။ စားသောက်ဆိုင်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက တစ်ယောက်နှင့် တစ် ယောက် အနည်းဆုံး (၆) ပေ အကွာအဝေးတွင် နေရာချထားပေးရမည်။

၆။ စားသုံးသူများအား ငွေရှင်းပြေစာနှင့် ငွေရယူခြင်း၊ ငွေပြန်အမ်းခြင်းလုပ်ငန်းများကို စားပွဲထိုးများနှင့် ဆောင်ရွက်ခြင်းမပြုစေဘဲ သီးခြားဝန်ထမ်းများအား တာဝန်ပေးရ မည်။

၇။ **ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield)၊ ခါး စည်းရှေ့ကာ (Apron)နှင့် လက်အိတ်စသည်တို့ကို ဝတ်ဆင်ရမည်။ ခါးစည်းရှေ့ကာ (Apron) ကို မကြာခဏ လဲလှယ်ရမည်။** (ယခုအချက်ကို လိုက်နာမှုအားနည်းလျက်ရှိ ကြောင်း သိရှိရပါသဖြင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ပေးပါရန်)

၈။ ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောရပါမည်။ (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀) % ပါသော လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောရပါမည်။

၉။ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ် အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်နှင့် အသုံးပြုပြီးသော တစ်ရှူးကို စနစ်တကျ စွန့်ပစ်ပြီး လက်ကိုဆေးကြောရမည်။

၁၀။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရမည်။

၁၁။ လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက် မအီမသာ ဖြစ်ခြင်းစသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက အလုပ်မှ ချက်ချင်း အနားပေး၍ နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သောဆေးကုသမှု ခံယူရမည်။

## စားသုံးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသုံးသူများသည် မိမိတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက် မအီမသာဖြစ်ခြင်းစသည့် သံသယလက္ခဏာ တစ်ခုခု ခံစားရပါကစားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၂။ အသက်အရွယ်ကြီးသူများ၊ ကိုယ်ခံအားနည်းသူများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာ ရောဂါ ရှိသူများသည် စားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၃။ စားသောက်ဆိုင်အတွင်းသို့ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield) ပါမှသာ ဝင်ရောက်ရန်။

၄။ စားသုံးသူများသည် ဆိုင်အတွင်းသို့ မဝင်မီ လက်ဆေးရမည်။

၅။ စားသောက်ဆိုင်တွင် အချိန်ကြာမြင့်စွာ မထိုင်သင့်ပါ။

စာမျက်နှာ ၂၂ သို့

# ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ ထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန် အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက် ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

## သစ်တောဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့
## ဖမ်းဆီးရမိပုံစံ (၈) ဝင်သစ်များ ရောင်းချရန်
## လေလံကြော်ငြာ
## လေလံအမှတ်စဉ်(၂/၂၀၁၉-၂၀၂၀)

ကလေးခရိုင်၊ သစ်တောဦးစီးဌာန၊ ကလေး/မင်းကင်းမြို့နယ်များရှိ အောက်ဖော်ပြပါ ပုံစံ(၈)ဝင်ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်စက်ကြီး၊ စက်သေး၊ အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်/ပရိဘောဂလုပ်ငန်းရှင်များ၊ သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ(လိုင်စင်မိတ္တူပူးတွဲ)၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများ နေအိမ်ဆောက်လုပ်ရန်၊ အစိုးရဌာနအဆောက်အအုံများ/လမ်းတံတားများဆောက်လုပ်ရန် သတ်မှတ်စည်းကမ်းချက်နှင့်ညီညွတ်ပါက Covid-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်လေလံဆွဲ ဝယ်ခွင့်ပြုမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချမည့်အစီအစဉ်**

(၁) **နေ့ရက်** - ၂၃-၆-၂၀၂၀ရက်(အင်္ဂါနေ့)
(၂) **အချိန်** - နံနက် ၉:၀၀နာရီ
(၃) **နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊သစ်တောဦးစီးဌာန၊ ကလေးခရိုင်၊ ကလေးမြို့

| စဉ် | မြို့နယ် | ကျွန်း (သစ်/ခွဲသား) | တမလန်း ပိတောက် (သစ်/ခွဲသား) | ပျဉ်းကတိုး သစ်ယာ အင်ကြင်း (သစ်/ခွဲသား) | အုပ်စု(၂) (သစ်/ခွဲသား) | ၃ပေ အောက် ကျွန်း သစ်မာ/ အခြား(လုံး) | သစ်မာ အခြား မျော (လုံး) | ကျွန်း/ သစ်မာ/ အခြားပကာ၊ အခြားခွဲခြမ်း (တန်) | ထင်း (တန်) |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကလေး | - | - | - | ၅၀.၄၅၈၈ | - | - | - | - |
| ၂ | မင်းကင်း | ၁၃၇.၄၃၉၆ | ၂၂၈.၅၂၆၅ | ၁၁၀.၅၂၂၂ | - | ၃၀၉၃ | ၃၁၂၁ | ၆၁.၄၉၉၇ | ၃၀.၄၃၈၆ |

၂။ လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာနှင့်စည်းကမ်းချက်များ(၁)စုံလျှင် (၅၀၀၀/-)နှုန်းဖြင့် ၁၅-၆-၂၀၂၀ရက်မှ ၂၂-၆-၂၀၂၀ ရက်အတွင်း ကလေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၃-၂၂၀၅၉၊ ၀၉-၅၄၀၈၆၅၅၊ ၀၉-၄၅၈၇၁၂၃၄၈၊ ၀၉-၂၅၆၀၀၀၇၃၅ တို့တွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ကလေးခရိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၇၃၇၆ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ဃ/၆၆၉၅၂ Honda Wave MLHJA 211 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်နွမ်းဒီး ၁၃/မယတ(နိုင်)၀၂၂၂၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2L/4013 Mitsubishi Canter FE 70 DB VAN (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွန်းဦး ၉/မဟမ(နိုင်) ၀၄၄၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၃**

ဦးကျော်ကျော်(ခ)တွမ်ကျင်ချမ်း **နှင့်** ၁။ ဦးဥက္ကာဖြိုး
၂။ ဦးအောင်မင်း
၃။ ဦးသန့်ဇင်
၄။ ဦးရွှေဖြူ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(င/က)ရပ်ကွက်၊ပန်းရိုက်လမ်း၊အမှတ်-၁၀ နေ အမှတ်(၂) တရားပြိုင် ဦးအောင်မင်း (ယခုနေရပ်လိပ်စာမသိ) နှင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်အမှတ်(၁၉)၊ အခန်း (၁၃)နေ အမှတ်(၃) တရားပြိုင် ဦးသန့်ဇင်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ကျော်(ခ)တွမ်ကျင်ချမ်းက မြေကွက်နှင့် အဆောက်အအုံမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၃ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် (ပထမနှစ်)အတွက် ပန်တျာသင်တန်းနှင့် ပန်းချီ၊ပန်းပု သင်တန်းသို့ တက်ရောက်ရန် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပါသင်တန်းများသို့ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) ပန်တျာသင်တန်း၏ အနုပညာ(ဂီတ/သဘင်)သီးသန့်သင်တန်းအတွက် သတ္တမတန်း(Grade-8)အောင်မြင်သူဖြစ်ရမည်။
(ခ) ပန်တျာသင်တန်း၏ စာပေနှင့်အနုပညာ(ဂီတ/သဘင်)တွဲဖက်သင်တန်း အတွက် အဋ္ဌမတန်း(Grade-9)အောင်မြင်သူများဖြစ်ရမည်။
(ဂ) ပန်းချီ၊ ပန်းပုသင်တန်း၏ အနုပညာ(ပန်းချီ/ပန်းပု)သီးသန့်သင်တန်းနှင့် စာပေနှင့်အနုပညာ (ပန်းချီ/ပန်းပု) တွဲဖက်သင်တန်းအတွက် အဋ္ဌမတန်း (Grade-9) အောင်မြင်သူဖြစ်ရမည်။
(ဃ) ဂီတ(သို့မဟုတ်) သဘင်(သို့မဟုတ်) ပန်းချီ(သို့မဟုတ်)ပန်းပု အခြေခံ ပညာကို အသင့်အတင့်တတ်ရမည်။
(င) အသက်(၁၃)နှစ်မှ (၁၇)နှစ်အတွင်းရှိရမည်။

၃။ စာပေနှင့်အနုပညာတွဲဖက်သင်တန်းသို့ လျှောက်ထားသူများသည် အနုပညာ ဘာသာရပ်အပြင်အခြေခံပညာ ဒသမတန်း(Grade-10)၊ ကောဒသမတန်း (Grade-11) နှင့် ဒွါဒသမတန်း(Grade-12)ကို ပူးတွဲသင်ကြားခွင့်ရရှိပါမည်။

၄။ ပညာသင်ကြားနေသည့် လများတွင်တစ်လလျှင် ၃၀၀၀၀/-နှုန်းဖြင့် ထောက်ပံ့ကြေးရရှိမည်ဖြစ်ပြီး ၃နှစ်သင်တန်းပြီးဆုံးပါက အနုပညာသင်တန်းဆင်းလက်မှတ် (Certificate)နှင့်အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် (Completion Certificate)ရရှိပါမည်။

၅။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် ဖုန်း-၀၆၇-၃၄၀၈၀၃၇၊ ၀၆၇-၃၄၀၈၄၄၃၊ ၀၁-၉၅၅၅၆၄၂၊ ၀၂-၄၀၆၁၁၆၉၊ ၀၂-၄၀၆၁၁၇၀ တို့သို့ စုံစမ်းမေးမြန်း၍ ၂၀၂၀ပြည့်နှစ် ဇွန်လနောက်ဆုံးပတ် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာလာရောက်ယူထားသော သင်တန်းသား၊ သင်တန်းသူများ၏ လျှောက်လွှာများကို သက်ဆိုင်ရာကျောင်းသို့ ၂၀၂၀ပြည့်နှစ် ဇွန်လ နောက်ဆုံးပတ်တွင် နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် လူတွေ့စစ်ဆေးမှုတို့ကို ၂၀၂၀ပြည့်နှစ် ဇူလိုင် ပထမပတ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## DEPARTMENT OF HYDROPOWER IMPLEMENTATION

Invitation to tender for the Design, Supply and Supervision of erection and commissioning of Hydraulic Steel Structue and Electromechanical Works for Nam Pa Nga Hydropower Project.

1. The Ministry of Electricity and Energy of the Republic of the Union of Myanmar, **Department of Hydropower Implementation (DHPI)**, hereinafter called the Employer, seeks to invites qualified Contractors and/or Joint Ventures to submit Tenders for the **design, supply and supervision of erection and commissioning of Hydraulic Steel Structure and Electromechanical works for Nam Pa Nga Small Hydropower Project (Delivered Duty Paid - at Site Basis)** .

2. The project is located on the Nampanga Chaung, one of the main tributaries of Chindwin River, on the territory of the Homalin Township area, Sagaing Region of the Republic of the Union of Myanmar.

3. A complete set of Tender documents can be purchased within office hours upon payment of a non-refundable fee of **300,000 MMK (Three Hundred Thousand in Myanmar Kyat)** at the following office by **June 25, 2020.**

**Procurement Branch**
**Department of Hydropower Implementation**
**Office Building No. 27, Nay Pyi Taw**
**Republic of the Union of Myanmar**
**Telephone: 009567-8104189, 009567-8104190, 009567-8104191**
**E-mail : procurement.dhpi@moee.gov.mm**

4. **Tender Submission Date** is **9th of July, 2020 at 13:00** (Myanmar Standard Time).

5. Tenderers must be submitted the proposals to the address above on **Tender Submission Date**. Any late proposal shall be rejected.

6. All tenders shall be rejected if they submit their proposals by electronic or express services.

7. Technical envelop will be opened in the presence of tenderer's representatives, who choose to attend at the address above after **13:00 hours** (Myanmar Standard Time) on **Tender Submission Date.**

8. Any request for the extension of **Tender Submission Date** shall not be allowed.

**Tender Committee**
**Department of Hydropower Implementation**
**Ministry of Electricity and Energy**
**Nay Pyi Taw**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ဘိုကုန်းကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည်(၂၇၆၀-က၊ ဘိုကုန်းအနောက်)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ ၀ဒသမ၂၆ဧကရှိ မြေကွက်ကို ဦးကျော်စိုးလင်း အမည်ဖြင့် စက်မှု/စီးပွားမြေဂရန်ကိုလည်းကောင်း၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆-မောင်းတိုင်ရပ်)၊ ဦးပိုင်အမှတ်(၂၂၈)၊ ဧရိယာ ၀.၀၄၉ဧကရှိမြေကွက်ကို ဦးသိန်းလွင် အမည်ဖြင့် မြေဂရန်အသစ်ကိုလည်းကောင်း၊ ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသမှုပေးရာတွင် လိုအပ်သည့် FDA အသိအမှတ်ပြု

(က) Consumable For Speciality ဆေးပစ္စည်းများ
(ခ) PET/CT & Cyclotron Centre ရှိ Cyclotron တွင် အသုံးပြုရန် လိုအပ်သောဆေးဝါးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရ အသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၈-၆-၂၀၂၀ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၇-၂၀၂၀ ရက်(သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## Invitation for Prequalification

**Country: Republic of the Union of Myanmar**
**Name of Project:Myanmar Power System Efficiency and Resilience Project**
**Contract Title: Design, Supply, Installation, Testing and Commissioning of a Combined Cycle Gas Turbine (CCGT) Power Plant of around 300MW Net Power Capacity**
**Sector: Energy**
**Prequalification Reference No. :EPGE-PQ-01/2020** **Date: June 11, 2020**

1. The Government of Myanmar has applied for financing from the World Bank toward the cost of the Ywama new Combined Cycle Gas Turbine (CCGT) power plant and intends to apply part of the proceeds toward payments under the contract for Design, Supply, and Installation of a CCGT Power Plant of around 300MW Net Power Capacity.
2. Electric Power Generation Enterprise (EPGE) under the Ministry of Electricity and Energy (MOEE) intends to prequalify contractors for performance of the construction of a power plant at the Ywama site, located in the suburb of Yangon. The plant will be built using the combined cycle gas technology and the scope of works is for a full turn-key power plant; including the demolition of existing units, engineering, procurement, construction and installation of equipment, testing, and commissioning of the new power plant. The time for completion of the facilities is estimated to be of 36 months. The detailed scope of the contract is outlined in Section VII of this Prequalification Document. It is expected that the Request for Bids will be made in 2020.
3. Prequalification will be conducted through the procedures as specified in the World Bank's Procurement Regulations for IPF Borrowers July 2016, revised November 2017 and August 2018 ("Procurement Regulations"), and is open to all eligible Applicants as defined in the Procurement Regulations.
4. Interested eligible Applicants may obtain further information from EPGE at the address below during office hours 09:30 to 16:30 hr (Myanmar Standard Time). A complete set of the prequalification document in English language can be available by interested Applicants on the submission of a written application to the address below by email from the date of announcement. The document will be sent by e-mail.
5. Applications for prequalification should be submitted in sealed envelopes delivered to the address below by August 20, 2020, 14:00 hr Myanmar Standard Time and be clearly marked "Application to Prequalify for Ywama New Combine Cycle Gas Turbine (CCGT) Power Plant(ICB EPGE-PQ-01/2020)"Late applications may be rejected by Electric Power Generation Enterprise (EPGE) under the Ministry of Electricity and Energy (MOEE).

**Attn: Managing Director**
**Office No.27, Nay Pyi Taw, the Republic of the Union of Myanmar**
**Phone: +95 9 2225181, +95 9 5133511**
**E-mail: ywamaproject@gmail.com**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄/အီး)၊ မြေကွက်အမှတ် (၃၇၃)ဟုခေါ်တွင်သော အလျား ၂၅ပေ x အနံ ၅၀ပေ အကျယ်ရှိ ဒေါ်နိုင်နိုင်ဝင်း+(၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်(၁)ကွက်နှင့်အဆိုပါမြေပေါ်ရှိ ဆောက်လုပ်ထားသော တိုက်အမှတ်(၆၆)၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်ဟုခေါ်တွင်သည့် ငါးထပ်တိုက်အဆောက်အအုံတို့အား အရောင်းအဝယ်ပြုရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်လိုပါက တရားဝင် အထောက်အထားများနှင့်အတူ ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ချက်မရှိပါက တရားဝင် အရောင်းအဝယ်အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးကျော်ဇင်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၂)**
**တိုက်အမှတ်(၅၇)၊ အခန်းအမှတ်(၁၀၁/အေ)**
**ပထမထပ်၊ အဝေရာအိမ်ရာ(၂)၊ အဝေရာအိမ်လမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်**
**ဖုန်း-၀၉-၄၂၁၇၁၉၆၄၈**

## Embassy of India, Yangon
### Tender Notice

Requirement of Manpower – one Receptionist, one Office Assistant and one MTS. Details are available in the Embassy's website **https://embassyofindiayangon.gov.in/** Tender - Tender (Embassy's) and CPP Portal. The last date is **24 June, 2020.**

## "Perkins Engine Spare Parts အတုများ တင်သွင်း၊ ဖြန့်ချိ၊ ရောင်းချနေသူများအား သတိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်တွင်တည်ထောင်ထားသော "ရွှေအိမ်ယန္တယား" လီမိတက် (SHWE EINMA CHINERY LIMITED)သည် အင်္ဂလန်နိုင်ငံ (UNITED KINGDOM)နိုင်ငံရှိ Perkins Engines Company Limited မှ ထုတ်လုပ်သော Perkins Engine Spare Parts များကို မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ချိ၍ တရားဝင်ရောင်းချပေးရန် ရွှေအိမ်ယန္တယားလီမိတက်အား တရားဝင်ကိုယ်စားလှယ် ပေးအပ်ထားပါသည်။

ထို့ကြောင့် တရားဝင်တစ်ဦးတည်းသောကိုယ်စားလှယ်ရရှိသူ ရွှေအိမ်ယန္တယားလီမိတက်သည် အင်္ဂလန်နိုင်ငံမှ တရားဝင်တင်သွင်းလာသည့် Perkins Engine နှင့် Spare Parts များကို ၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ အနှံ့အပြားရှိ ဈေးကွက်အတွင်းသို့ ဖြန့်ချိရောင်းချခဲ့ပါသည်။

ယခုအခါ ဈေးကွက်များအတွင်း Perkins Engine နှင့် Spare Parts အတုများကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် ယှဉ်ပြိုင်၍ မတန်တဆတန်ဖိုးနှိမ့်ချပြီး ဖြန့်ချိရောင်းချလျက်ရှိကြောင်း ခိုင်လုံသောအထောက်အထားများရရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသည် ရောင်းအားကျဆင်းခဲ့မှုကြောင့် များစွာထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ Perkins Spare Parts များကို တုပ၍ တရားမဝင်တင်သွင်း၍ ဖြန့်ချိရောင်းချနေသူများအားလုံး ဤသတိပေးကြေညာသည့်ရက်မှစ၍ Perkins Spare Parts အတုများ ဖြန့်ချိရောင်းချနေမှုကို ချက်ချင်းရပ်ဆိုင်းရန်နှင့် ဈေးကွက်များအတွင်း ရောက်ရှိနေသော Perkins Spare Parts အတုအားလုံးကို အမြန်ဆုံးပြန်လည်ရုပ်သိမ်းရန် သတိပေးကြေညာလိုက်သည်။

ဤကြေညာသတိပေးစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လိုက်နာဆောင်ရွက်ပေးခြင်းမပြုပါက ကျူးလွန်သူမည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံသတိပေးပါသည်။

**ရွှေအိမ်ယန္တယားလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် LL.B,D.B.L,D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)**
**တိုက် (၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈ U9) ရပ်ကွက်၊လူနေရပ်ကွက်အမှတ်(အဆင့်မြင့်)၊ အေးချမ်းသာယာရေးလမ်း၊ မြေကွက်အမှတ်(၁၂၆)၊ အကျယ်အဝန်း (၆၈ပေ/၈၈ပေ × ၈၀ပေ/၉၀ပေ) ဒေါ်အေးအေးမြင့်(၁၂/ဥကမ(နိုင်) ၁၁၂၁၂၀) အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက် အနက်မှ မြေကွက်အမှတ်(၁၂၇)နှင့် ကပ်လျက် (၄၈ပေ/၆၈ပေ× ၉၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်ဒေါ်အေးအေးမြင့် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေးမြောက်ပိုင်း) ရပ်ကွက်၊ ကျွန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၇၆/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ ဦးကျော်သက်ထွန်း(၁/ပတအ(နိုင်)၀၀၀၀၆၅)၊ ဦးမင်းနိုင်စိုး (၉/မရမ(နိုင်)၀၀၄၈၄၈)နှင့် ဒေါ်စန်းမော်ဦး(၃/မ၀တ(နိုင်)၀၀၀၁၇၉)တို့ (၃)ဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနေနိုင်ထူး (၁၁/စတန (နိုင်) ၀၆၆၃၅၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၂၅၀ ၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၁၅)၊ အကျယ်အဝန်း (၄၂ပေ× ၆၀ပေ) ရှိ ဦးဆွေသင် (၁၂/ရကန(နိုင်)၀၀၉၇၇၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဆွေသင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၂၅၀ ၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### သံဖြူဇရပ်မြို့နယ် တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၃၈ နှင့် ဆက်နွယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် – ၄

| | | |
|---|---|---|
| ဒေါ်နီလာသိန်း | နှင့် | ၁။ ဦးဆန်းဝင်း |
| | | ၂။ ဒေါ်စောအေး (အတူနေလင်မယား) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ အောင်သုခရပ်ကွက်၊ ဝိဇယလမ်း၊ အမှတ်(၁၀၈)နေ (၁)ဦးဆန်းဝင်း၊ (၂)ဒေါ်စောအေး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် – ၃၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းမြတ်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅၀ယ/၅၂၇၀၉ ပွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၁၃/တကန(နိုင်)၃၂၅၅၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁ယ/၃၃၉၄၆ ပွန်ဒါယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်ဇာမော်ဦး ၁၃/လလန(နိုင်)၀၀၂၉၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ လူနေရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၈၁၅)၊ အကျယ်အဝန်း (အလျား ၄၈ပေ x အနံ ၆၀ ပေ) ဧရိယာ ၀ ဒသမ ၀၆၆ ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေ၊ ယင်းမြေအပါအဝင် အကျိုးခံစားခွင့်အားလုံးကို မြေအမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လက်ဝယ်ထား၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသော ဒေါ်သောင်းတင့် ၁၂/ကတတ(နိုင်)၀၁၂၄၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာစိုး B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၄/၇၁)**
**အခန်း(၃)၊ တိုက် (၄၆)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၇၈၂၁၄၄၃၅၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ မော်-သံလမ်း၊ အမှတ်(၁၈၇)နေ-ဦးအောင်မင်း ၁၀/မဒန(နိုင်)၀၃၁၃၁၀၊ ဒေါ်မြိုင် ၁၀/မဒန(နိုင်)၁၂၆၀၆၄ တို့က ၎င်းတို့၏သမီး မငွေးမျိုးလွင် ၁၀/မဒန(နိုင်)၁၆၈၂၃၁ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်သည့်အပြင် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မင်း-ဒေါ်မြိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာထွေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၉)**
**အမှတ် (၄၅)၊ ဗညားဒလ (၃)လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့**
**ဖုန်း-၀၉-၄၉၈၂၆၄၀၆၊ ၀၉-၄၂၅၂၈၈၄၁၈**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးဇော်မင်းလွင် ၉/မမန(နိုင်) ၀၂၉၆၃၄- ဒေါ်ဒွဲဘူ ၁/ဗမန(နိုင်) ၀၃၄၂၉၃ တို့၏သမီး မမေရီလွင် ၁၂/ကမရ(နိုင်)၀၆၄၄၉၃ သည် လက်မခံနိုင်သည့် အပြုအမူများဖြင့် နှစ်ပေါင်းများစွာ မိဘကို စိတ်ဆင်းရဲစေခဲ့သည့်အတွက် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဒေါ်ဒွဲဘူ**
**၁/ဗမန(နိုင်)၀၃၄၂၉၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

